…………………………………………………………………………………………….

(e) Lease Period ……………………………………………………………………………

8. Submission of sub-lease agreement (Draft)

(to enclose recommendation letter from the Union Attorney General Office for Government organization)

**Applicant**

**Investor / Promoter**

**Form (5)**

To,

**Chairman**
**Myanmar Investment Commission**
**The Republic of the Union of Myanmar**

Reference No.
Date.

Subject: **Mortgage of land and building permitted for investment**

I, hereby submitted the application with the following particulars for mortgage the land and building to be used for the business permitted under section 17, sub-section(e) of the Foreign Investment Law: -

1. Particulars about the original owner of land and building:
   - (a) Name of owner/organization ------------------------------------------------
   - (b) Area ----------------------------------------------------------------------
   - (c) Location ------------------------------------------------------------------
   - (d) Original period permitted to use the land (Validity of land grant) ----------------
   - (e) Payment of long term lease as capital Yes ( ) No ( )
   - (f) Agreed by original Lessor Yes ( ) No ( )

2. Mortgagor
   - (a) Name of investor/promoter ------------------------------------------------
   - (b) Myanmar Investment Commission Permit No. ----------------------------------

3. Mortgagee
   - (a) Name ----------------------------------------------------------------------
   - (b) ID No./National Registration Card No./Passport No. ---------------------------
   - (c) Citizenship ---------------------------------------------------------------
   - (d) Company's Name ------------------------------------------------------------
   - (e) Address -------------------------------------------------------------------

     -----------------------------------------------------------------------------

4. Particulars relating to land and building in which investment is permitted by Myanmar Investment Commission:-

(a) Type of investment ------------------------------------------------

(b) Investment location (s) ------------------------------------------------

------------------------------------------------------------------------

(c) Area ------------------------------------------------------------------

(d) Size and number of building (s)-------------------------------------------

(e) Value of land/building ------------------------------------------------

5. Original validity period permitted by Commission: ----------------------------------

6. Period of Mortgage ----------------------------------------------------------

7. Important particulars from the original Land and Building Lease Agreement signed by both parties:

(a) Lessor ---------------------------------------------------------------

(b) Lessee ---------------------------------------------------------------

(c) Land area ------------------------------------------------------------

(d) Location ------------------------------------------------------------

------------------------------------------------------------------------

(e) Lease period ---------------------------------------------------------

8. Submission of Mortgagee Agreement (Draft)

(to enclose recommendation letter from the Union Attorney General Office for Government organization)

Applicant

Investor / Promoter

**Form (6)**

To,

**Chairman**
**Myanmar Investment Commission**
**The Republic of the Union of Myanmar**

Reference No.
Date.

Subject: **Transfer of all shares**

I do hereby submit the following information and applied for the transfer of all shares in accordance with the section 17, sub-section (i) of the Foreign Investment Law: -

1. Transferor
   (a) Name of Investor/Promoter ---------------------------------------------------
   (b) Company Name /Type of business ----------------------------------------------
   (c) Company Registration No. ----------------------------------------------------

2. Transferee
   (a) Name ---------------------------------------------------
   (b) Company Name / Type of business ----------------------------------------------
   (c) Company Registration No. ----------------------------------------------------
   (d) ID No./National Registration Card No./Passport No. ----------------------------
   (e) Citizenship ---------------------------------------------------
   (f) Designation/Responsibilities ----------------------------------------------------
   (g) Residence Address/Company Address ----------------------------------------------
   ---------------------------------------------------------------------------------

3. Information relating to the transfer of shares

   (a) Total number of shares ------------------------------------------------------

   (b) Par value ----------------------------------------------------------------------

   (c) Number of shares to be transferred -------------------------------------------

4. Validity of investment permitted by Commission -----------------------------------

5. Submitted with the share transfer form Yes ( )

   No ( )

6. Resolution of Board of Director (BOD) of the Company permitted by the Commission

   Yes ( )

   No ( )

Applicant

Investor / Promoter

**Form (7)**

To,

**Chairman**
**Myanmar Investment Commission**
**The Republic of the Union of Myanmar**

Reference No.
Date.

Subject: **Transfer of part of shares**

I hereby submitted the following information and applied for the transfer of part of shares in accordance with the section 17, sub-section (j) of the Foreign Investment Law: -

1. Transferor
   - (a) Name of Investor / Promoter ------------------------------------------------
   - (b) Company Name / Type of business ------------------------------------------------
   - (c) Company Registration No. ------------------------------------------------

2. Transferee
   - (a) Name ------------------------------------------------------------------
   - (b) Company Name / Type of business ------------------------------------------------
   - (c) Company Registration No. ------------------------------------------------
   - (d) ID No./National Registration Card No./Passport No. ------------------------------
   - (e) Citizenship ---------------------------------------------------------------
   - (f) Designation/Responsibilities ------------------------------------------------
   - (g) Residence Address/Company Address -----------------------------------------

     --------------------------------------------------------------------------

3. Information relating to the transferred shares

   (a) Total number of shares ----------------------------------------------------------

   (b) Par value ----------------------------------------------------------------------

   (c) Number of shares to be transferred ------------------------------------------------

4. Validity investment period permitted by Commission ----------------------------------

5. Submitted with the share transfer form Yes ( )

   No ( )

6. Resolution of Board of Director (BOD) of the Company permitted by the Commission

   Yes ( )

   No ( )

Applicant

Investor / Promoter

**Form (8)**

To,

**Chairman**

**Myanmar Investment Commission**

**The Republic of the Union of Myanmar**

Reference No.

Date.

Subject: **Application of work permit for the foreign employees to appoint at the investment business permitted by the Myanmar Investment Commission**

I do hereby submit the following information and apply for the work permit for the foreign employee who is working at the investment business permitted under the Foreign Investment Law in accordance with the section 25 of the Foreign Investment Law: -

1. Applicant
   - (a) Name of Investor/Promoter ------------------------------------------------
   - (b) Myanmar Investment Commission Permit No. ----------------------------------
2. Particulars relating to the applicant
   - (a) Name ------------------------------------------------------------------
   - (b) ID No./Passport No. ..----------------------------------------------------------
   - (c) Citizenship ----------------------------------------------------------------
   - (d) Residence Address -----------------------------------------------------------

     --------------------------------------------------------------------------
   - (e) Number of proposed employee in the original proposal ---------------------------
   - (f) Number of already appointed employees -----------------------------------------
3. Recommended by Directorate of Labour Yes ( )

   No ( )

Applicant

Investor / Promoter

**Form (9)**

To,

**Chairman**

**Myanmar Investment Commission**

**The Republic of the Union of Myanmar**

Reference No.

Date.

Subject: **Application of stay permit for the foreign employees to appoint at the investment business permitted by the Myanmar Investment Commission**

I do hereby submit the following information and applied for the stay permit for the foreign employee who is working at the investment business permitted under the Foreign Investment Law in accordance with the section 25 of the Foreign Investment Law: -

1. Applicant
   - (a) Name of Investor/Promoter ------------------------------------------------
   - (b) Myanmar Investment Commission Permit No. ----------------------------------
2. Particulars relating to the applicant
   - (a) Name ------------------------------------------------------------------
   - (b) ID No./ Passport No. ----------------------------------------------------
   - (c) Citizenship --------------------------------------------------------------
   - (d) Residence Address ----------------------------------------------------------

     ---------------------------------------------------------------------------
3. Particulars relating to the dependent(s) to the applicant
   - (a) Name ------------------------------------------------------------------
   - (b) ID No./Passport No. ----------------------------------------------------
   - (c) Citizenship --------------------------------------------------------------
   - (d) Residence Address ----------------------------------------------------------

     ---------------------------------------------------------------------------

4. Number of proposed employees in the original proposal ---------------------------------

5. Number of appointed employees -------------------------------------------------------

6. Recommended by Department of Immigration and National Registration

   Yes ( )

   No ( )

Applicant

Investor / Promoter

**Form (10)**

To,

**Chairman**

**Myanmar Investment Commission**

**The Republic of the Union of Myanmar**

Reference No.

Date.

Subject: **Application of exemption and reliefs in accordance with the Foreign Investment Law**

I do hereby as an investor/ promoter, apply the exemptions and reliefs stipulated in the Chapter XII, section 27 (b) to (k) of the Foreign Investment Law according to Foreign Investment Rules:

1. Applicant
   (a) Name of Investor/Promoter ---------------------------------------------------
   (b) Myanmar Investment Commission Permit No. -----------------------------------
2. Construction period/ renovation period as per original proposal --------------------------
3. Commencement of commercial operation date ------------------------------------------
4. Applied for the following exemptions and reliefs as per Chapter XII, section 27 (b) to (k) of the Foreign Investment Law: -
   (a) Exemption/relief as per Chapter XII, section 27 (b) of the Foreign Investment Law
   (b) Exemption/relief as per Chapter XII, section 27 (c) of the Foreign Investment Law
   ( ) ------------------------------------------------------------------------------
   ( ) ------------------------------------------------------------------------------
   ( ) ------------------------------------------------------------------------------
   ( j) Exemption/relief as per Chapter XII, section 27 (k) of the Foreign Investment Law
   ------------------------------------------------------------------------------

Applicant

Investor / Promoter

**Form (11)**

To,

**Chairman**

**Myanmar Investment Commission**

**The Republic of the Union of Myanmar**

Reference No.

Date.

Subject: **Report for the commencement of the commercial operation date for the manufacturing or service**

I do hereby inform the commencement of the commercial operation date for the manufacturing (or) service business in accordance with the Foreign Investment Rules para 98:-

1. Applicant
   - (a) Name of Investor/Promoter ---------------------------------------------------
   - (b) Myanmar Investment Commission Permit No. ----------------------------------------
2. Construction period/renovation period as per original proposal ----------------------------
3. Date of sales of product/service ---------------------------------------------------------
4. Type of product / service ----------------------------------------------------------------
5. Volume of product / service ------------------------------------------------------------
6. Value of product / service --------------------------------------------------------------
7. Export licence No. and date ----------------------------------------------------------
8. Type of product to be exported -----------------------------------------------------
9. Export Quantity -----------------------------------------------------------------------
10. Value of Export -----------------------------------------------------------------------
11. Commercial operation date -----------------------------------------------------------

Applicant

Investor / Promoter

**Form (12)**

To,

**Chairman**

**Myanmar Investment Commission**

**The Republic of the Union of Myanmar**

Reference No.

Date.

Subject: **Application for permit to lease the land for the investment business**

I do hereby apply with the following information for permit to lease the land or permit to use the land according to the Foreign Investment Rules: -

1. Particulars relating to original owner of land and building
   - (a) Name of owner/organization ----------------------------------------
   - (b) Area ----------------------------------------
   - (c) Location ----------------------------------------
   - (d) Original period permitted to use the land (Validity of land grant) --------------------
   - (e) Payment of long term lease as equity Yes ( ) No ( )
   - (f) Agreed by original Lessor Yes ( ) No ( )
2. Lessor
   - (a) Name / company's name/ department/ organization --------------------
   - (b) National Registration Card No/ Passport No. --------------------
   - (c) Address ----------------------------------------

     ----------------------------------------
3. Lessee
   - (a) Name/ company's name /department/ organization --------------------
   - (b) ID No./National Registration Card No./Passport No. --------------------
   - (c) Citizenship ----------------------------------------
   - (d) Address ----------------------------------------

     ----------------------------------------

4. Particulars relating to the proposed lease land

   (a) Type of investment ----------------------------------------------------------

   (b) Investment location(s) ----------------------------------------------------------

   ----------------------------------------------------------------------------------

   (c) Area ----------------------------------------------------------------------

   (d) Size and number of building (s) ------------------------------------------------

   (e) Value of building --------------------------------------------------------------

5. Submission of Land Lease Agreement (Draft)

   (to enclose recommendation letter from the Union Attorney General Office for Government organization)

6. Land lease rate (per square meter per year) ----------------------------------------------

7. Land use premium – LUP ) (If the land is belonged to government organization the LUP shall pay in cash by the lessee.)

   Rate/ per acre: ----------------------------------------------------------------------

8. Agreed by original land lessor or land user

   Yes ( )

   No ( )

9. Lease Period ------------------------------------------------------------------------

Applicant

Investor / Promoter

**Form (13)**

To,

**Chairman**
**Myanmar Investment Commission**
**The Republic of the Union of Myanmar**

Reference. No.
Date.

Subject: **Application for the permit of foreign currency repatriation**

Referring to the Foreign Exchange Management Law, I do hereby apply for the repatriation of my legal income earned from the investment business as per section 40 of the Foreign Investment Law: -

1. Applicant

   (a) Name of Investor/Promoter ------------------------------------------------

   (b) Myanmar Investment Commission Permit No. ------------------------------------

2. Particulars relating to foreign currency repatriation:

   (a) Particulars of applicant:

      (i) Name ------------------------------------------------------------

      (ii) Designation -------------------------------------------------------

      (iii) ID No./National Registration Card No./Passport No. ------------------------

      ------------------------------------------------------------------------

      (iv) Citizenship -------------------------------------------------------

      (v) Address ----------------------------------------------------------

      ------------------------------------------------------------------------

(b) Type of foreign currency mentioned in original proposal ----------------------------

(c) Source of income for the repatriation ----------------------------------------------------

(Transfer of share/profit share/salary/dividend, etc.)

(d) Amount to be repatriated ----------------------------------------------------------------

(e) Country of beneficiary/Name of bank ------------------------------------------------

(f) Name of transfer bank and bank account no. --------------------------------------

3. The following information are submitted correctly: -

(a) Bank balance of the company --------------------------------------------------------

(b) Resolution of Company's Board of Director (BOD) meeting Yes( )

No ( )

(c) Share ratio (%) ---------------------------------------------------------------------

(d) Commercial operation date: ---------------------------------------------------

(e) Operation period of the business ---------------------------------------------

(f) Foreign currency repatriation period/ frequency ------------------------------

Applicant

Investor / Promoter

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၃**
၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ လ ၊ ၃၁ ရက်)

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည် -

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ပါရှိသည့် အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ဝန်ကြီးဌာန** ဆိုသည်မှာ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကို ဆိုသည်။

(ခ) **ကော်မရှင်ရုံး** ဆိုသည်မှာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရုံးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဂ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကိုဆိုသည်။

(ဃ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် သတ်မှတ်ထားသည့် ပုံစံကို ဆိုသည်။

(င) **ဇယား** ဆိုသည်မှာ ဤနည်းဥပဒေများတွင် ဖော်ပြပါရှိသည့် ဇယားကိုဆိုသည်။

(စ) **ဘီအိုတီ** ဆိုသည်မှာ လုပ်ငန်းတည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်း နှင့် စာချုပ်သက်တမ်း ကုန်ဆုံးချိန်တွင် လုပ်ငန်းလုပ်ဆောင်သူတို့က သက်ဆိုင်ရာသို့ လွှဲပြောင်း ပေးအပ်ခြင်းကိုဆိုသည်။

(ဆ) **ဘီတီအို**ဆိုသည်မှာ လုပ်ငန်းတည်ဆောက်ခြင်း၊ တည်ဆောက်ပြီးချိန်တွင် လုပ်ငန်း လုပ်ဆောင် သူတို့က သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် လုပ်ငန်း လည်ပတ် ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဇ) **အခြေပစ္စည်း** ဆိုသည်မှာ မြေ၊ အဆောက်အအုံ၊ ယာဉ်နှင့် လုပ်ငန်းဆိုင်ရာ မတည် ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် အစုရှယ်ယာနှင့် ကတိဝန်ခံစာချုပ်တို့အပြင် ယင်းတို့ကဲ့သို့သော အလားတူ စာချုပ်စာတမ်းများလည်း ပါဝင်သည်။

## အခန်း (၂)
## သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများ

၃။ ကော်မရှင်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။ ယင်းသို့ သတ်မှတ်ရာတွင် အောက်ပါ အချက်များကို အခြေခံရမည်-

(က) နိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ များစွာ ပေါ်ပေါက်စေမည့် လုပ်သား အင်အား အသုံးပြုလုပ်ငန်းဖြစ်ခြင်း၊

(ခ) နိုင်ငံတော်၏ ထွက်ကုန်များကို တန်ဖိုးမြှင့်တင် ထုတ်လုပ်နိုင်မည့် လုပ်ငန်းဖြစ်ခြင်း၊

(ဂ) ရင်းနှီးမြှုပ်နှံမှုပမာဏ ကြီးမားသော လုပ်ငန်းဖြစ်ခြင်း ၊

(ဃ) အဆင့်မြင့်နည်းပညာ အသုံးပြုသည့် လုပ်ငန်းဖြစ်ခြင်း၊

(င) နိုင်ငံသားများ သက်သာချောင်ချိစွာ စားသုံးစေနိုင်ရေးကို ဦးတည်သည့် ကုန်ပစ္စည်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်ခြင်း၊

(စ) နိုင်ငံသားများ၏ လူနေမှုဘဝအဆင့် မြင့်မားရေးကို အထောက်အကူပြုစေသည့် လုပ်ငန်း ဖြစ်ခြင်း။

၄။ ကော်မရှင်သည် စီးပွားရေး လုပ်ငန်းများသတ်မှတ်ရာတွင် နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှု ကို ခွင့်မပြုသည့်လုပ်ငန်းများ၊ နိုင်ငံသားနှင့်ဖက်စပ်စနစ်ဖြင့်သာ ခွင့်ပြုမည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း များနှင့် သီးခြားပြဋ္ဌာန်းထားသည့် အခြေအနေ တစ်ရပ်ရပ်အရသာ ခွင့်ပြုမည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို သတ်မှတ်ကာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက် ရရှိသည့်အခါ ကော်မရှင်သည် နိုင်ငံတော် အတွင်း ရင်းနှီးမြှုပ်နှံမှုကို ခွင့်မပြုသည့် လုပ်ငန်းများ၊ နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့်သာ ရင်းနှီး မြှုပ်နှံမှုကို ခွင့်ပြုမည့် လုပ်ငန်းများနှင့် သီးခြားပြဋ္ဌာန်းထားသည့် အခြေအနေ တစ်ရပ်ရပ် အရသာ ရင်းနှီး မြှုပ်နှံမှုကို ခွင့်ပြုမည့် လုပ်ငန်းများကို အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာရမည်။

၆။ ကော်မရှင်သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့ အကျိုးအတွက် သတ်မှတ်သည့် လုပ်ငန်းများ ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင် သဘောတူညီချက်ဖြင့် အခါအားလျော်စွာ ပြင်ဆင်၍ ထုတ်ပြန် ကြေညာနိုင်သည်။

၇။ နိုင်ငံသားများ လုပ်ကိုင်နိုင်သည့် ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများကို **ဇယား (၁)** ပါ အတိုင်း သတ်မှတ်သည်။

၈။ နိုင်ငံသားများလုပ်ကိုင်နိုင်သည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် နှစ်တိုနှစ်ရှည်စိုက်ပျိုးရေး လုပ်ငန်း များကို **ဇယား (၂)** ပါ အတိုင်း သတ်မှတ်သည်။

၉။ နိုင်ငံသားများလုပ်ကိုင်နိုင်သည့် မွေးမြူရေးလုပ်ငန်းများကို **ဇယား(၃)**ပါ အတိုင်း သတ်မှတ် သည်။

၁၀။ နိုင်ငံသားများ လုပ်ကိုင်နိုင်သည့် မြန်မာ့ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းများကို **ဇယား (၄)** ပါ အတိုင်း သတ်မှတ်သည်။

၁၁။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ ၇ ၊ ၈ ၊ ၉ နှင့် ၁၀ အရ သတ်မှတ်သည့် လုပ်ငန်းများကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

၁၂။ ကော်မရှင်သည် နိုင်ငံတော်၏ နယ်နိမိတ်နှင့် အခြားနိုင်ငံများ နယ်နိမိတ် ထိစပ်လျက်ရှိသည့် နယ်စပ်မျဉ်းမှ ၁၀ မိုင် အတွင်း စက်မှုဇုန်များ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဇုန်များ၊ ခရီးသွားလုပ်ငန်း ဇုန်များ၊ ကုန်သွယ်ရေးဇုန်များ အပါအဝင် ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှု လုပ်ငန်းများ စုစည်း ဆောင်ရွက်မည့် ဇုန်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် စီးပွားရေးဇုန်အဖြစ် သတ်မှတ်နိုင်သည်။

၁၃။ နည်းဥပဒေ ၁၂ အရ စီးပွားရေးဇုန်အဖြစ် သတ်မှတ်ခြင်းကို ကော်မရှင်သည် ပြည်ထောင်စု အစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရဖြစ်စေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များက အဆိုပြုလာလျှင် ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူက အဆိုပြုခြင်းအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီး အဖွဲ့များက သဘောတူညီလျှင်ဖြစ်စေ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြကာ ခွင့်ပြုချက်ရယူ ဆောင်ရွက် ရမည်။

၁၄။ ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား နိုင်ငံခြားသား ရင်းနှီး မြှုပ်နှံသူက လုပ်ကိုင်ဆောင်ရွက်လိုကြောင်း အဆိုပြုလာလျှင် ကော်မရှင်သည် နိုင်ငံတော် နှင့် နိုင်ငံသား အထူးသဖြင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားအလို့ငှာ အောက်ပါအချက် များ အပေါ် အခြေခံ၍ စိစစ်ရမည် -

(က) အဆိုပြုသည့် ရင်းနှီးမြှုပ်နှံမှုအပေါ် သက်ဆိုင်ရာဒေသရှိ နယ်မြေခံလူထု သို့မဟုတ် လူမှုရေး အဖွဲ့အစည်းများ၏ သဘောထား၊

(ခ) အဆိုပြုသည့် ရင်းနှီးမြှုပ်နှံမှုအပေါ် သက်ဆိုင်ရာဒေသရှိ အုပ်ချုပ်ရေးအဖွဲ့ အစည်း များ၏ သဘောထား၊

(ဂ) လုပ်ငန်းဆောင်ရွက်မည့် ဒေသအပေါ် မူတည်ကာ နေပြည်တော် ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထား။

၁၅။ ကော်မရှင်သည် နည်းဥပဒေ ၁၄ ပါ အချက်များနှင့် ပြည့်စုံသည့် အဆိုပြုချက်များကို မိမိ၏ သဘော ထားနှင့်အတူ ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြ အတည်ပြုချက်ရယူရမည်။

၁၆။ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူအတည်ပြုချက် ရရှိသည့်အခါ ကော်မရှင်သည် ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် ခွင့်ပြုမိန့်ထုတ် ပေးရမည်။

## အခန်း (၃)
## ရင်းနှီးမြှုပ်နှံမှုပုံစံ

၁၇။ ရင်းနှီးမြှုပ်နှံမှုကို အောက်ပါပုံစံ တစ်ခုခုဖြင့် ဆောင်ရွက်နိုင်သည် -

(က) နည်းဥပဒေ ၅ အရ ကော်မရှင်က အမိန့်ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်ထားသော လုပ်ငန်း များမှအပ အခြား ကျန်လုပ်ငန်းများတွင် နိုင်ငံခြားသားက နိုင်ငံခြားမတည် ငွေရင်း ရာခိုင်နှုန်း အပြည့်ဖြင့် ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံခြားသားနှင့် နိုင်ငံသား သို့မဟုတ် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းတို့ ဖက်စပ် လုပ်ငန်းအဖြစ် ဖွဲ့စည်းပါက နိုင်ငံခြားမတည်ငွေနှင့် နိုင်ငံသား မတည်ငွေ အချိုးကို နှစ်ဦးနှစ်ဖက်သဘောတူညီချက်နှင့်အညီ ပဋိညာဉ်စာချုပ်ချုပ်ဆို ဆောင်ရွက် ခြင်း၊

(ဂ) နှစ်ဦးနှစ်ဖက် သဘောတူသော ပဋိညာဉ် စာချုပ်ပါ စနစ်တစ်ခုခုဖြင့် ဆောင်ရွက်ရာ တွင် ဘီအိုတီ၊ ဘီတီအိုစသည့် စနစ်များ အပါအဝင် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်သည့် လုပ်နည်းစနစ်များ သို့မဟုတ် အခြား လုပ်နည်းစနစ်များနှင့် ဆောင်ရွက်ခြင်း။

၁၈။ ရင်းနှီးမြှုပ်နှံမှုအတွက် အဆိုပြုချက် တင်သွင်းရာတွင် နိုင်ငံခြားကုမ္ပဏီအဖြစ် ဖွဲ့စည်း တည်ထောင်ခွင့် သို့မဟုတ် မှတ်ပုံတင်ခွင့်ကို တည်ဆဲ ကုမ္ပဏီဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီး ဌာန၌ တစ်ပြိုင်တည်း လျှောက်ထားရမည်။

၁၉။ အဆိုပြုချက်ကို ကော်မရှင်က လက်ခံ၍ ခွင့်ပြုမိန့် ထုတ်ပေးသည့်အခါ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံခြားကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့် သို့မဟုတ် မှတ်ပုံတင်ခွင့်ကို တစ်ပြိုင်တည်း ထုတ်ပေးရမည်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုလွယ်ကူ ချောမွေ့ စေရေးအတွက် ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူက နိုင်ငံခြားကုမ္ပဏီအဖြစ် ဖွဲ့စည်း တည်ထောင်ခွင့် သို့မဟုတ် မှတ်ပုံတင်ခွင့်ကို ကြိုတင်ထုတ်ယူ ခွင့်ပြုရန် လျှောက်ထား လာလျှင် လုံလောက်သော အကြောင်းပြချက်ရှိပါက ညွှန်ကြားရေးမှူးချုပ်သည် ဖွဲ့စည်း တည်ထောင်ခွင့် (ယာယီ) သို့မဟုတ် မှတ်ပုံတင်ခွင့်(ယာယီ)ကို ကြိုတင်ထုတ်ပေးနိုင်သည်။ သို့ရာတွင် ဖွဲ့စည်း တည်ထောင်ခွင့် (ယာယီ) သို့မဟုတ် မှတ်ပုံတင်ခွင့်(ယာယီ) ကြိုတင် ထုတ်ပေးခြင်းကို ရင်းနှီး မြှုပ်နှံမှု ခွင့်ပြုမိန့် ထုတ်ပေးခြင်းအဖြစ် မှတ်ယူခြင်း မရှိစေရ။

၂၀။ နိုင်ငံခြားသားသည် တားမြစ်သည့်လုပ်ငန်း သို့မဟုတ် ကန့်သတ်သည့် လုပ်ငန်းများကို နိုင်ငံသားနှင့် ဖက်စပ်လုပ်ကိုင်ပါက နိုင်ငံခြားမတည်ငွေရင်းအချိုးသည် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ၈၀ ရာခိုင်နှုန်းထက် မကျော်လွန်စေရ။ ဤသတ်မှတ်ချက်ကို ကော်မရှင်သည် ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ပြင်ဆင် သတ်မှတ် နိုင်သည်။

၂၁။ ပဋိညာဉ်စာချုပ်ပါ သက်တမ်းမကုန်ဆုံးမီ လုပ်ငန်း ရပ်စဲခွင့်ရရှိ၍ စာရင်းရှင်းလင်း ဖျက်သိမ်းရာ တွင်လည်းကောင်း၊လုပ်ငန်းပြီးဆုံး၍ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် လည်းကောင်း ကော်မရှင်သို့ ကြိုတင် တင်ပြခွင့်ပြုချက်ရယူပြီး တည်ဆဲ ကုမ္ပဏီအက်ဥပဒေနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

## အခန်း (၄)
## ကော်မရှင် ဖွဲ့စည်းခြင်းနှင့် အစည်းအဝေးကျင်းပခြင်း

၂၂။ ကော်မရှင်အဖွဲ့ဝင် အရေအတွက်သည် “မ” ဂဏန်းအရေအတွက် ဖြစ်ရမည်။

၂၃။ ကော်မရှင်အဖွဲ့ဝင်တစ်ဦး၏ သက်တမ်းသည် သုံးနှစ်ထက် မပိုစေရ၊ သို့ရာတွင် ကျွမ်းကျင်မှု နှင့် အခြားလိုအပ်ချက်များရှိပါက ပြည်ထောင်စုအစိုးရသည် အဖွဲ့ဝင် တစ်ဦးဦး၏ သက်တမ်းကို သုံးနှစ်ထက် ပိုမိုတာဝန်ပေးအပ်နိုင်သည်။

၂၄။ အကြောင်းတစ်ရပ်ရပ်ကြောင့် ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် သက်တမ်း သုံးနှစ်မပြည့်မီ ဆက်လက် တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိတော့ပါက ၎င်းလစ်လပ်နေရာအတွက် အစားထိုး တာဝန်ပေးသည့် အဖွဲ့ဝင်သည် ၎င်းဆက်ခံသည့် အဖွဲ့ဝင်၏ ကျန်သက်တမ်းအတိုင်းသာ တာဝန် ရှိသည်။

၂၅။ ကော်မရှင်အစည်းအဝေးများကို တစ်လလျှင် အနည်းဆုံး နှစ်ကြိမ် ကျင်းပရမည်။

၂၆။ ကော်မရှင်ဥက္ကဋ္ဌသည် အစည်းအဝေးများတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌမတက်ရောက်နိုင်သည့်အခါဒုတိယဥက္ကဋ္ဌကသဘာပတိအဖြစ် လည်းကောင်း၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့

မတက်ရောက်နိုင်သည့်အခါ အတွင်းရေးမှူးက သဘာပတိအဖြစ်လည်းကောင်း သို့မဟုတ် အဖွဲ့ဝင် တစ်ဦးဦး က သဘာပတိအဖြစ်လည်းကောင်း ဆောင်ရွက်ရမည်။

၂၇။ အစည်းအဝေးသို့ အဖွဲ့ဝင် ၅၀ ရာခိုင်နှုန်းနှင့်အထက် တက်ရောက်လျှင် အထမြောက်သည်။

၂၈။ ကော်မရှင်သည်အစည်းအဝေး တက်ရောက်သည့် အဖွဲ့ဝင်အများ၏ သဘောတူညီချက်ဖြင့် ဆုံးဖြတ်ချက်များကို ချမှတ်ရမည်။ အစည်းအဝေး တက်ရောက်သည့် ကော်မရှင်အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်ကို အစည်းအဝေး တက်ရောက်နိုင်ခြင်း မရှိသည့် ကော်မရှင် အဖွဲ့ဝင်များက ကန့်ကွက်ခြင်း၊ ငြင်းပယ်ခြင်း၊ ပြင်ဆင်ပြောင်းလဲရန် အဆိုပြုခြင်းတို့ ဆောင်ရွက်ခွင့်မရှိ။

၂၉။ ကော်မရှင်သည် လိုအပ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး၊ ဘာသာရပ် ကျွမ်းကျင်သူများနှင့် အခြားလိုအပ်သူများကို အစည်းအဝေးသို့ ဖိတ်ကြား တက်ရောက်စေနိုင်သည်။

၃၀။ ကော်မရှင်သည် အစည်းအဝေးများတွင် ရင်းနှီးမြှုပ်နှံမှုအတွက် ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ နှင့် ယင်းတို့အား အထောက်အကူပြုမည့်သူများကို တက်ရောက်၍ ရှင်းလင်း တင်ပြခွင့်နှင့် ဆွေးနွေးခွင့် ပြုရမည်။

## အခန်း (၅)
## ခွင့်ပြုမိန့်လျှောက်ထားခြင်း

၃၁။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူသည် ကော်မရှင်သို့ အဆိုပြုချက် တင်ပြရာတွင် အောက်ပါ အချက်အလက်များ ပါဝင်သော **အဆိုပြုချက်ပုံစံ(၁)**ပါ အတိုင်းဖြည့်စွက်၍ ကမကထ ပြုသူကိုယ်တိုင် လက်မှတ်ရေးထိုး တင်ပြရမည် -

(က) ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူ၏အမည်၊ မည်သည့်နိုင်ငံသား ဖြစ် ကြောင်း ဖော်ပြချက်၊ နေရပ် လိပ်စာ၊ လုပ်ငန်းတည်ရှိရာ အရပ်ဒေသ၊ သက်ဆိုင်ရာ ဥပဒေအရ အမှန်တကယ် လုပ်ကိုင်သည့် လုပ်ငန်း၊ ထိရောက်သည့် စီမံခန့်ခွဲမှု လုပ်ကိုင်သည့် ဌာနချုပ် တည်ရှိရာဒေသ၊ စီးပွားရေးအဖွဲ့ တည်ထောင် ဖွဲ့စည်းရာ အရပ်ဒေသ၊ လုပ်ငန်း အမျိုးအစား၊

(ခ) ဖက်စပ်ပြုလုပ်၍ ရင်းနှီးမြှုပ်နှံလိုပါက ဖက်စပ်လုပ်ငန်းတွင် ပါဝင်လိုသူများနှင့် သက်ဆိုင် သည့် အပိုဒ်ခွဲ (က) ပါ အချက်အလက်များ၊

(ဂ) အပိုဒ်ခွဲ (က) သို့မဟုတ် (ခ) နှင့် သက်ဆိုင်သော အထောက်အထားများ၊

(ဃ) ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူ သို့မဟုတ် ဖက်စပ် လုပ်ငန်းတွင် ပါဝင်လိုသူများ ၏ လုပ်ငန်းပိုင်းနှင့် ငွေရေးကြေးရေးဆိုင်ရာ အထောက်အထားများ၊

(င) ရင်းနှီးမြှုပ်နှံလိုသည့်ကုန်ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှု လုပ်ငန်းနှင့် သက်ဆိုင် သည့် အချက်အလက်များ၊

(စ) ရင်းနှီးမြှုပ်နှံသည့် သက်တမ်း၊ တည်ဆောက်မှုကာလ၊

(ဆ) နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံလိုသည့် အရပ်ဒေသ၊

(ဇ) ထုတ်လုပ်ရောင်းချရာတွင် အသုံးပြုမည့် နည်းပညာရပ်များနှင့် စနစ်များ၊

(ဈ) သုံးစွဲလိုသည့် စွမ်းအင်အမျိုးအစားနှင့် ပမာဏ၊

(ည) တည်ဆောက်မှု ကာလအတွင်း လုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော အဓိက စက်ပစ္စည်း များ၊ စက်ကိရိယာများ၊ ကုန်ကြမ်းများနှင့် အလားတူပစ္စည်းများ၏ ပမာဏ နှင့်တန်ဖိုး၊

(ဋ) လိုအပ်မည့် မြေနေရာ နှင့် အကျယ်အဝန်း၊

(ဌ) လုပ်ငန်းမှ နှစ်စဉ်ထုတ်လုပ်မည့် ခန့်မှန်းပမာဏနှင့် တန်ဖိုး သို့မဟုတ် ဆောင်ရွက်မည့် ဝန်ဆောင်မှု ခန့်မှန်းပမာဏနှင့်တန်ဖိုး၊

(ဍ) လုပ်ငန်း ဆောင်ရွက်ရန် နှစ်စဉ်လိုအပ်မည့် နိုင်ငံခြားသုံးငွေနှင့် ရရှိရန် ခန့်မှန်းသည့် နိုင်ငံခြားသုံးငွေ၊

(ဎ) နှစ်စဉ် ပြည်တွင်းပြည်ပ ရောင်းချနိုင်မည့် ကုန်ပစ္စည်းများ ခန့်မှန်းပမာဏ၊ ခန့်မှန်း တန်ဖိုးနှင့် ကာလ အပိုင်းအခြား၊

(ဏ) စီးပွားရေး တွက်ခြေကိုက်မှုအခြေအနေ၊

(တ) သက်ဆိုင်ရာ တည်ဆဲဥပဒေပါ လိုက်နာဆောင်ရွက်ရမည့် ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲထားသော ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ထိန်းသိမ်းကာကွယ်ရေး ဆောင်ရွက်မည့် အစီအမံများ။

(ထ) နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်သည့် ဖွဲ့စည်းပုံ၊

(ဒ) အစုစပ်လုပ်ငန်းဖွဲ့စည်းလိုပါက အစုစပ်လုပ်ငန်းစာချုပ်မူကြမ်း၊ အစုစပ်ဝင်တို့ကထည့်ဝင်မည့် အစုငွေအမျိုးအစားနှင့်ပမာဏ၊ အကျိုးအမြတ် ခွဲဝေမည့် အမျိုးအစားနှင့် အစုစပ်ဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊

(ဓ) လီမိတက် ကုမ္ပဏီ ပုံသဏ္ဌာန် ဖွဲ့စည်းလိုပါက ပဋိညာဉ်စာချုပ်မူကြမ်း၊ သင်းဖွဲ့ မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း မူကြမ်းများ၊ ကုမ္ပဏီ၏ ခွင့်ပြု မတည်ငွေရင်း၊ အစု ရှယ်ယာ အမျိုးအစားများ၊ အစုရှယ်ယာဝင်များကထည့်ဝင်မည့် အစုရှယ်ယာ ပမာဏ၊

(န) ရင်းနှီးမြှုပ်နှံမည့် အဖွဲ့အစည်းကို စီမံခန့်ခွဲမည့်သူများ၏ အမည်၊ မည်သည့် နိုင်ငံသားဖြစ်ကြောင်း ဖော်ပြချက်၊ နေရပ်လိပ်စာနှင့် ရာထူး၊

(ပ) ရင်းနှီးမြှုပ်နှံမည့် အဖွဲ့အစည်း၏ စုစုပေါင်း မတည်ငွေရင်း၊ ပြည်တွင်းနှင့် ပြည်ပမှ ထည့်ဝင်မည့် မတည်ငွေရင်း အမျိုးအစားနှင့် နိုင်ငံတော်သို့ ယူဆောင်လာမည့် နိုင်ငံခြား မတည်ငွေရင်းတို့နှင့်စပ်လျဉ်း၍ စုစုပေါင်းတန်ဖိုး၊ အမျိုးအစားအသီးသီး၏ တန်ဖိုးများနှင့် ယူဆောင်လာမည့် အချိန်ကာလ။

၃၂။ အဆိုပြုချက်နှင့်အတူ နိုင်ငံသား သို့မဟုတ် အစိုးရဌာန၊ အဖွဲ့အစည်းတို့နှင့် ချုပ်ဆိုမည့် မြေငှားရမ်းခြင်းဆိုင်ရာ ပဋိညာဉ်စာချုပ် မူကြမ်းနှင့် ဖက်စပ်လုပ်ငန်း သို့မဟုတ် နှစ်ဦး နှစ်ဖက် ပဋိညာဉ်စာချုပ်ချုပ်ဆိုဆောင်ရွက်မည့် လုပ်ငန်းနှင့် သက်ဆိုင်သည့် ပဋိညာဉ်စာချုပ် မူကြမ်းကို ပူးတွဲတင်ပြရမည်။

၃၃။ ကော်မရှင်က ရင်းနှီးမြှုပ်နှံမှုပမာဏ ကြီးမားသည်ဟု သတ်မှတ်သည့် စီမံကိန်းလုပ်ငန်း များနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းပြုလုပ်ရန် သတ်မှတ်ထားသော လုပ်ငန်းများ အတွက် အဆိုပြုချက် တင်သွင်းရာတွင် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ် ခြင်းနှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်းများ ပူးတွဲ တင်ပြရမည်။

၃၄။ အဆိုပြုချက် တင်သွင်းရာတွင် သဘာဝအရင်းအမြစ်ကို အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုများ နှင့် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေနှင့် အကျုံးဝင်သည့် ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါက ကော်မရှင်ရုံးသို့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှတစ်ဆင့်တင်သွင်းရမည်။

၃၅။ နည်းဥပဒေ ၃၄ ပါ အခြေအနေနှင့် သက်ဆိုင်ခြင်း မရှိသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အတွက် အဆိုပြုချက်ကို ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူက ကော်မရှင်ရုံးသို့ တိုက်ရိုက် တင်သွင်းနိုင်သည်။

၃၆။ နည်းဥပဒေ ၃၅ အရ တင်သွင်းသော အဆိုပြုချက်ကို ရရှိသည့်အခါ ကော်မရှင်ရုံးသည် သတ်မှတ်သည့် အချက်အလက်များ ပြည့်စုံမှုရှိ၊ မရှိ စိစစ်၍ ပြည့်စုံပါက အဆိုပြုချက်ကို လက်ခံရမည်။ ပြည့်စုံမှုမရှိပါက

လိုအပ်ချက်များကို ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူအား ရှင်းလင်းပြောကြားကာ ပြန်လည်ပြင်ဆင်ဖြည့်စွက် တင်သွင်းစေရမည်။

၃၇။ ပြည့်စုံသည့်အဆိုပြုချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် စိစစ်နိုင်ရေးအတွက် ကော်မရှင် သည် အောက်ပါ ဌာနများမှ အကြီးတန်းအရာရှိများ ပါဝင်သည့် အဆိုပြုချက် စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး စိစစ်စေရမည် -

(က) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊
(ခ) အကောက်ခွန်ဦးစီးဌာန၊
(ဂ) ပြည်တွင်းအခွန်များဦးစီးဌာန၊
(ဃ) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊
(င) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှသက်ဆိုင်ရာဌာန၊
(စ) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊
(ဆ) စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊
(ဇ) ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊
(ဈ) စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊
(ည) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန။

၃၈။ နည်းဥပဒေ ၃၇ အရ ပဏာမ စိစစ်ရာတွင် လိုအပ်ပါက လုပ်ငန်းသဘာဝအရ သက်ဆိုင်သည့် အစိုးရဌာနများ၊ အဖွဲ့အစည်းများမှ ဘာသာရပ် ကျွမ်းကျင်သူများကို ဖိတ်ကြား တက်ရောက်စေ ရမည်။

၃၉။ ညွှန်ကြားရေးမှူးချုပ်သည် အဆိုပြုချက် စိစစ်ရေးအဖွဲ့၏အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူ ရမည်။

၄၀။ အဆိုပြုချက် စိစစ်ရေးအဖွဲ့သည် ခုနစ်ရက်လျှင်တစ်ကြိမ် အစည်းအဝေး ကျင်းပ၍ အစည်း အဝေး မကျင်းပမီကာလအတွင်း လက်ခံရရှိထားသည့် အဆိုပြုချက်များကို စိစစ်ပြီး လက်ခံသင့် သည့် အဆိုပြုချက်များကို နည်းဥပဒေများနှင့်အညီ ဆက်လက် ဆောင်ရွက်ခွင့်ပြုရန် ကော်မရှင်သို့ တင်ပြရမည်။ ကော်မရှင်က ခွင့်ပြုလျှင် အဆိုပြုချက်ကို လက်ခံကြောင်းကိုသော်လည်းကောင်း၊ ငြင်းပယ်လျှင် မည်သည့်အကြောင်းကြောင့် ငြင်းပယ်ကြောင်းကိုသော်လည်းကောင်း ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူထံ စာဖြင့်ဖြစ်စေ၊ အခြား ဆက်သွယ်ရေး နည်းစနစ် တစ်ခုခုဖြင့်ဖြစ်စေ ပြန်ကြားရမည်။

၄၁။ အဆိုပြုချက် စိစစ်ရေးအဖွဲ့သည် အစည်းအဝေး ကျင်းပသည့်အခါ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ ကိုယ်တိုင်ကိုဖြစ်စေ၊ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူက တာဝန်လွှဲအပ်သူကိုဖြစ်စေ တက်ရောက်စေရမည်။

## အခန်း (၆)
## အဆိုပြုချက်အပေါ် ဆက်လက်ဆောင်ရွက်ခြင်း

၄၂။ အဆိုပြုချက်ကို ကော်မရှင်က လက်ခံလျှင် ကော်မရှင်ရုံးသည် လုပ်ငန်းဆောင်ရွက်မည့် ဒေသအပေါ်မူတည်ကာ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ထံ အဆိုပြုချက်ပါ ရင်းနှီးမြှုပ်နှံမှုကို လက်ခံခွင့်ပြုနိုင်ခြင်းရှိ မရှိကိုလည်းကောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု မရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေး ထိခိုက်မှု အနည်းဆုံး ဖြစ်စေရေး ဆောင်ရွက်မည့် အစီအမံများအပေါ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ကိုလည်းကောင်း စိစစ် ပြန်ကြားပေးရန် သဘောထားတောင်းခံရမည်။

၄၃။ ကော်မရှင်ရုံး၏ သဘောထား တောင်းခံချက် ရရှိသည့်အခါ နေပြည်တော် ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လိုအပ်သည့် စိစစ်မှုများ ဆောင်ရွက်၍ အဆိုပြုသည့် ရင်းနှီးမြှုပ်နှံမှုကို လက်ခံခွင့်ပြုနိုင်ခြင်းရှိ မရှိ သဘောထား မှတ်ချက်ကို နေပြည်တော် ကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ကိုယ်တိုင် သို့မဟုတ် ဝန်ကြီးချုပ်မှ တာဝန် ပေးအပ်သူက လက်မှတ်ရေးထိုးကာ သဘောထားတောင်းခံစာ လက်ခံရရှိသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း အမြန်ဆုံး ပြန်ကြားနိုင်မည့် ဆက်သွယ်ရေးနည်းလမ်းတစ်ခုခုဖြင့် ကော်မရှင်သို့ ပြန်ကြားရမည်။

၄၄။ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု နှင့် လူမှုရေး ထိခိုက်မှုမရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေး ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် ဆောင်ရွက် မည့် အစီအမံများ အပေါ် စိစစ်ချက်ကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက သဘောထား တောင်းခံစာ လက်ခံရရှိသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း သဘောထားမှတ်ချက်ကို ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင် သို့မဟုတ် ပြည်ထောင်စုဝန်ကြီးမှ တာဝန်ပေးအပ်သူက လက်မှတ်ရေးထိုးကာ အမြန်ဆုံး ပြန်ကြားနိုင်မည့် ဆက်သွယ်ရေးနည်းလမ်း တစ်ခုခုဖြင့် ကော်မရှင်သို့ ပြန်ကြားရမည်။

၄၅။ ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များနှင့် စပ်လျဉ်း၍ လုပ်ငန်းသဘာဝအရသော်လည်းကောင်း၊ လိုအပ်ချက်အရသော်လည်းကောင်း ကော်မရှင်က သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများမှ သဘောထား မှတ်ချက် သို့မဟုတ် အကြံပြုချက် တောင်းခံသည့်အခါ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနသည် စာလက်ခံရရှိသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကော်မရှင်သို့ ပြန်ကြားရမည်။ ဤသို့ ပြန်ကြားနိုင်ရေးအတွက် ဝန်ကြီးဌာနအသီးသီးတွင် အနိမ့်ဆုံးအဆင့် ညွှန်ကြားရေးမှူး သို့မဟုတ် ညွှန်ကြားရေးမှူးနှင့်အဆင့်တူ အရာထမ်း တစ်ဦးခေါင်းဆောင်သည့် ရင်းနှီးမြှုပ်နှံမှု စိစစ်ပြန်ကြားရေးအဖွဲ့ကို ဖွဲ့စည်းထားရှိရမည်။ သက်ဆိုင်ရာ ဝန်ကြီးဌာနသည် ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ မိမိဌာန၏ မူဝါဒများကို ယင်းအဖွဲ့အား ချမှတ်ပေးထားရမည်။ ယင်းအဖွဲ့ ဖွဲ့စည်း တာဝန်ပေးအပ်ထားမှု အခြေအနေကို ကော်မရှင်သို့ ပေးပို့ထားရ မည့်ပြင် အဖွဲ့ဝင်ပြောင်းလဲမှု ရှိတိုင်း ကော်မရှင်သို့အသိပေးအကြောင်းကြားရမည်။ ယင်းအဖွဲ့သည် ကော်မရှင် ကဖြစ်စေ၊ ကော်မရှင်ရုံးကဖြစ်စေ ကျင်းပသည့် အစည်းအဝေးများသို့ တက်ရောက်ရန် အခါအားလျော်စွာ ဖိတ်ကြားသည့်အခါ သက်ဆိုင်ရာ ဝန်ကြီးဌာနကို ကိုယ်စားပြု၍ တက်ရောက်ရမည်။

၄၆။ ကော်မရှင်ရုံးသည် သက်ဆိုင်ရာ သဘောထားမှတ်ချက်နှင့် စိစစ်ချက်များ ရရှိသည့်အခါ အနီးဆုံး ကျင်းပမည့် ကော်မရှင် အစည်းအဝေးသို့ အဆိုပြုချက်ကို တင်ပြရမည်။

## အခန်း (၇)
## အဆိုပြုချက်ကို စိစစ်ခြင်း

၄၇။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အဆိုပြုချက်သည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း ၄ ပါ အခြေခံမူများနှင့် ကိုက်ညီမှုရှိ မရှိ စိစစ်ခြင်း၊

( ခ ) ငွေကြေးယုံကြည်စိတ်ချရမှုအတွက်အောက်ပါအချက်များကို တောင်းယူ၍စိစစ်ခြင်း -

(၁) ဘဏ်ငွေစာရင်းရှင်းတမ်း ၊

(၂) ကုမ္ပဏီ၏ နောက်ဆုံးစာရင်းစစ် အစီရင်ခံစာ ၊

(၃) ကုမ္ပဏီ၏ လုပ်ငန်းအခြေအနေ အစီရင်ခံစာ ။

( ဂ ) လုပ်ငန်း၏ စီးပွားရေးတွက်ခြေကိုက်မှုကို အောက်ပါအချက်များအား အခြေခံကာ စိစစ်ခြင်း -

(၁) နှစ်စဉ်ရရှိမည့် ခန့်မှန်းခြေအသားတင် အမြတ်ငွေ၊

(၂) နှစ်စဉ်ရရှိမည့် ခန့်မှန်းခြေ နိုင်ငံခြားသုံးငွေနှင့် နှစ်စဉ်သုံးစွဲမည့် ခန့်မှန်းခြေ နိုင်ငံခြားသုံးငွေ၊

(၃) အရင်းကြေကာလ၊

(၄) အလုပ်အကိုင်သစ်များ ပေါ်ပေါက်လာမည့် အခြေအနေ၊

(၅) အမျိုးသားဝင်ငွေ တိုးတက်ရရှိနိုင်မည့် အခြေအနေ၊

(၆) ပြည်တွင်းနှင့်ပြည်ပ ဈေးကွက်အခြေအနေ၊

(၇) ပြည်တွင်းစားသုံးရန် လိုအပ်ချက် အခြေအနေ။

(ဃ) စက်မှုနည်းပညာ ဆီလျော်မှုရှိ မရှိ ကျွမ်းကျင်သူများအား တာဝန်ပေးစိစစ်စေခြင်း၊

( င ) ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ထိန်းသိမ်းကာကွယ်ရေး ဆောင်ရွက် မည့် အစီအမံများအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သဘောထား ရယူ စိစစ်ခြင်း၊

( စ ) နိုင်ငံတော်နှင့် နိုင်ငံသားတို့ အတွက် တာဝန်ယူမှုရှိသော၊ လူမှုစီးပွား အကျိုး သက်ရောက်မှုကို အလေးအနက်ထားသော ရင်းနှီးမြှုပ်နှံမှုဟုတ် မဟုတ် စိစစ်ခြင်း၊

(ဆ) အဆိုပြုချက်သည် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်းရှိ မရှိ စိစစ်ခြင်း။

## အခန်း (၈)
## ခွင့်ပြုမိန့်ထုတ်ပေးခြင်း

၄၈။ ကော်မရှင်သည် အဆိုပြုချက်ကို စိစစ်ပြီးနောက် သဘောတူလက်ခံလျှင် ယင်းအဆိုပြုချက် လက်ခံသည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း **ခွင့်ပြုမိန့်ပုံစံ(၂)**ကို ထုတ်ပေးရမည်။ ခွင့်ပြုမိန့် မိတ္တူကို လုပ်ငန်း ဆက်စပ်သည့် ပြည်ထောင်စုဝန်ကြီးဌာနများသို့လည်း ပေးပို့ ရမည်။

## အခန်း (၉)
## ခွင့်ပြုမိန့် ရရှိပြီးနောက် ဆက်လက်ဆောင်ရွက်ခြင်း

၄၉။ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့် ရရှိပြီး သည့်အခါ သတ်မှတ်သည့် တည်ဆောက်မှုကာလ သို့မဟုတ် ကာလကို ထပ်မံ တိုးမြှင့်ခွင့် ရရှိပါက ယင်းသို့ တိုးမြှင့်ရရှိသည့် ကာလအတွင်း တည်ဆောက်မှုလုပ်ငန်းများကို ပြီးစီးစေရန် ဆောင်ရွက်ရမည်။ တည်ဆောက်ရေးလုပ်ငန်းများပြီးစီးသည့်အခါ လုပ်ငန်းပြီးစီးကြောင်း လုပ်ငန်းပြီးစီးသည့် နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကော်မရှင်သို့ တင်ပြရမည်။

၅၀။ ရင်းနှီးမြှုပ်နှံသူသည် တည်ဆောက်မှုကာလ ပြီးဆုံးသည်နှင့် ကုန်ထုတ်လုပ်မှု သို့မဟုတ် ဝန်ဆောင်မှု လုပ်ငန်းများကို စတင်ဆောင်ရွက်ရမည်။

၅၁။ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဆောင်ရွက်စဉ် ကာလအတွင်း မိမိလုပ်ငန်း၏ **လုပ်ငန်းအစီရင်ခံစာ ပုံစံ(၃)**ကို သုံးလလျှင် တစ်ကြိမ် စာဖြင့်ဖြစ်စေ၊ အခြား ဆက်သွယ်ရေးနည်းစနစ် တစ်ခုခုဖြင့်ဖြစ်စေ ကော်မရှင်သို့ မပျက်မကွက် ပေးပို့တင်ပြရမည်။

၅၂။ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် လုပ်ငန်းဆောင်ရွက်စဉ် ကာလအတွင်း နည်းဥပဒေ ၁၂၁ ပါ အခြေအနေတစ်ရပ်ရပ် ကြုံတွေ့လျှင် စတင် တွေ့ရှိချိန်မှ ၂၄ နာရီအတွင်း အမြန်ဆုံး ဆက်သွယ် ဆောင်ရွက်နိုင်မည့် နည်းလမ်းတစ်ခုခုဖြင့် ကော်မရှင်သို့ သတင်းပေးပို့ အစီရင်ခံရမည်။

၅၃။ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ၏လုပ်ငန်းသည် လုပ်ငန်းသဘာဝအရ ဖြစ်စေ၊ အခြား လိုအပ်ချက်အရဖြစ်စေ သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့ အစည်းများမှ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် ရယူရန် လိုအပ်လျှင်ဖြစ်စေ၊ မှတ်ပုံတင်ရန် လိုအပ်လျှင် ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၅၄။ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူသည် -

(က) မိမိလုပ်ငန်းနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ ကိစ္စများကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

(ခ) မိမိ၏လုပ်ငန်းအား နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် တာဝန်ယူမှုရှိသောရင်းနှီးမြှုပ်နှံမှု ဖြစ်စေရန် အကောင်အထည်ဖော် ဆောင်ရွက် ရမည်။

(ဂ) မိမိ၏ လုပ်ငန်းအား တာဝန်ရှိသူများက အခါအားလျော်စွာဖြစ်စေ၊ လိုအပ်ချက်အရ ဖြစ်စေ စစ်ဆေးခြင်းကို လက်ခံ၍ ပူးပေါင်းဆောင်ရွက်ရမည်။

(ဃ) မိမိလုပ်ငန်း၏ စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံ တည်ဆောက်ခြင်းနှင့် အခြား လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လုပ်ငန်း အမျိုးအစားအလိုက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းမှန်ကန်ရေးအတွက် လည်း ကောင်း ဆောင်ရွက်မည့် လုပ်ငန်းနှင့် သဟဇာတဖြစ်စေရေး အတွက်လည်းကောင်း အလေးအနက်ထား ဆောင်ရွက်ရမည်။

(င) မိမိ၏ လုပ်ငန်းတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အစီအစဉ်များကိုလည်းကောင်း ဆောင်ရွက်ထား ရှိရမည်။

(စ) ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်းများ၊ အဆိပ်အတောက်ဖြစ်စေသော ကုန်ပစ္စည်း များနှင့် အခြားအလားတူကုန်ပစ္စည်းများသယ်ယူခြင်း၊ သိုလှောင်ခြင်းနှင့် အသုံးပြု ခြင်းတို့ စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဆ) မိမိထုတ်ကုန်များသည်အရည်အသွေးအရဖြစ်စေ၊ စံချိန်စံညွှန်းအရဖြစ်စေ စားသုံးသူ များ ထိခိုက်နစ်နာမှု မရှိအောင် ဆောင်ရွက်ရမည်။

၅၅။ ဓာတ်သတ္တု ရှာဖွေခြင်းအတွက် ခွင့်ပြုမိန့် ထုတ်ပေးခြင်းသည် စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း လုပ်ငန်းတစ်ရပ်ရပ်နှင့် အကျုံးဝင်သက်ဆိုင်ခြင်းမရှိစေရ၊ ရင်းနှီးမြှုပ်နှံသူ သည် ဓာတ်သတ္တုရှာဖွေခြင်းလုပ်ငန်း ပြီးဆုံးပြီးသည့်အခါ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန် ခွင့်ပြုမိန့် ရရှိရေးအတွက် သတ္တုတွင်း ဝန်ကြီးဌာနမှတစ်ဆင့် ကော်မရှင်သို့ ထပ်မံတင်ပြရမည်။

## အခန်း (၁၀)
## တည်ဆောက်မှုကာလ သတ်မှတ်ခြင်း

၅၆။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့် ရရှိပြီးသည့်အခါ ခွင့်ပြုမိန့် ထုတ်ပေးသည့် နေ့ရက်မှစ၍ သတ်မှတ်ထားသည့် တည်ဆောက်မှု ကာလအတွင်း မိမိ၏ တည်ဆောက်ရေး လုပ်ငန်းများကို ပြီးပြတ်စေရန် ဆောင်ရွက်ရမည်။

၅၇။ ရင်းနှီးမြှုပ်နှံသူသည် သတ်မှတ်ထားသည့် တည်ဆောက်မှုကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် တည်ဆောက်ရေးလုပ်ငန်းများ ပြီးပြတ်ခြင်း မရှိပါက နှောင့်နှေးကြန့်ကြာရသည့် အကြောင်းရင်းကို

ဖော်ပြ၍ တည်ဆောက်မှုကာလ တိုးမြှင့်ပေးရန် မူလသတ်မှတ်ထားသည့် တည်ဆောက်မှုကာလမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၆၀ ကြိုတင်၍ ကော်မရှင်သို့ လျှောက်ထားရမည်။

၅၈။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူက တည်ဆောက်မှုကာလ တိုးမြှင့်ပေးရန် တင်ပြလျှင် လိုအပ်သည့် စိစစ်မှုများ ဆောင်ရွက်၍ တည်ဆောက်မှုကာလ တိုးမြှင့် ပေးသင့်ကြောင်း ခိုင်လုံသည့် အခြေအနေရှိပါက မူလခွင့်ပြုခဲ့သည့် တည်ဆောက်မှုကာလ၏ ၅၀ ရာခိုင်နှုန်းထက် မပိုသော ကာလ အထိ တိုးမြှင့်ပေးနိုင်သည်။

၅၉။ သဘာဝဘေးဒဏ် ကျရောက်ခြင်း၊ မငြိမ်သက်မှုဖြစ်ပွားခြင်း၊ အဓိကရုဏ်း ဖြစ်ပေါ်ခြင်း၊ ဆန္ဒပြမှု ပေါ်ပေါက်ခြင်း၊ နိုင်ငံတော်အရေးပေါ် အခြေအနေဖြစ်ပွားခြင်း၊ လက်နက်ကိုင် ဆန့်ကျင်မှု ဖြစ်ပေါ်ခြင်း၊ ဆူပူသောင်းကျန်းမှုပေါ်ပေါက်ခြင်း၊ စစ်မက်ဖြစ်ပွားခြင်းစသည့် မလွန်ဆန်နိုင်သော အကြောင်းကိစ္စများ ဖြစ်ပေါ်ခြင်းကြောင့်မှတစ်ပါး တည်ဆောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်းကို တစ်ကြိမ်ထက် ပိုမို၍ ခွင့်မပြုရ။

၆၀။ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်သတ္တုလုပ်ငန်းများတွင် လေ့လာတိုင်းတာ စမ်းသပ်ရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်းနှင့် စီးပွားဖြစ်ထုတ်လုပ်နိုင်စွမ်းရှိသည့် အဆင့်သို့ ရောက်ရှိစေရန် ဆောင်ရွက်ခြင်း လုပ်ငန်းများအတွက် ကော်မရှင်၏ခွင့်ပြုချက်ဖြင့် ချုပ်ဆိုထားသည့် စာချုပ်ပါ စည်းကမ်း အတိုင်း တည်ဆောက်မှုကာလသတ်မှတ်ရမည်။

၆၁။ မူလခွင့်ပြုသည့် တည်ဆောက်မှုကာလ သို့မဟုတ် ထပ်မံ တိုးမြှင့်သည့် တည်ဆောက်မှု ကာလ အတွင်း တည်ဆောက်မှု လုပ်ငန်းပြီးပြတ်ခြင်း မရှိလျှင် ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူအား ထုတ်ပေးထား သည့် ခွင့်ပြုမိန့်ကို ပြန်လည် ရုပ်သိမ်းရမည်။ ယင်းသို့ ပြန်လည်ရုပ်သိမ်းခြင်းကြောင့် နစ်နာကြေးဖြစ်စေ၊ လျော်ကြေးဖြစ်စေ၊ အခြားငွေကြေး တစ်ရပ်ရပ်ဖြစ်စေ ရင်းနှီးမြှုပ်နှံသူအား ပြန်လည်ထုတ်ပေးခြင်းပြုရန်မလို။

## အခန်း (၁၁)
## ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်း၊ လုပ်ငန်းလွှဲပြောင်းခြင်း

၆၂။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော မြေနှင့် အဆောက်အအုံ များကို ခွင့်ပြု သက်တမ်းကာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစား ပြောင်းလဲခြင်း မရှိဘဲ မြေအသုံးပြုခွင့်ရ သူ သို့မဟုတ် မြေငှားရမ်းခွင့်ရှိသူ၏သဘောတူညီချက်ဖြင့် အခြားပုဂ္ဂိုလ် တစ်ဦးဦး အားတစ်ဆင့် ငှားရမ်းခြင်း ပြုလိုပါက **ငှားရမ်းခြင်း ပုံစံ(၄)** ဖြင့်လည်းကောင်း၊ ပေါင်နှံခြင်း ပြုလိုပါက **ပေါင်နှံခြင်းပုံစံ(၅)** ဖြင့် လည်းကောင်း ကော်မရှင်ရုံးသို့တင်ပြလျှောက်ထားပြီး ခွင့်ပြုချက် ရရှိမှသာ ဆောင်ရွက်ရမည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ဖြစ်ပါက ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက် ပူးတွဲတင်ပြရမည်။

၆၃။ နည်းဥပဒေ ၆၂ အရ သတ်မှတ်ပုံစံဖြင့် လျှောက်ထားချက်ကို လက်ခံ ရရှိသည့်အခါ ကော်မရှင်ရုံးသည် အောက်ပါအချက်များကို စိစစ်ရမည် -

(က) ငှားရမ်းခြင်း သို့မဟုတ် ပေါင်နှံခြင်း ဆောင်ရွက်လိုသည့် အကြောင်းရင်း မှန်ကန်မှု ရှိ မရှိ၊

( ခ ) ငှားရမ်းခြင်း သို့မဟုတ် ပေါင်နှံခြင်းကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုး စီးပွားကို ထိခိုက်နိုင်ခြင်း ရှိ မရှိ၊

( ဂ ) ငှားရမ်းခြင်း သို့မဟုတ် ပေါင်နှံခြင်းကို လက်ခံဆောင်ရွက်မည့်သူသည် လုပ်ငန်းအား အောင်မြင်စွာ ဆက်လက်လုပ်ဆောင်သွားနိုင်မည့် အခြေအနေ ရှိ မရှိ။

၆၄။ ကော်မရှင်ရုံးသည် စိစစ်တွေ့ရှိချက်အရ ငှားရမ်းခြင်း သို့မဟုတ် ပေါင်နှံခြင်းကို ခွင့်ပြုသင့် သည်ဟု ယူဆပါက အနီးကပ်ဆုံး ကျင်းပသည့် ကော်မရှင်အစည်းအဝေးသို့တင်ပြ၍ ကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် အညီ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၆၅။ အစုရှယ်ယာအားလုံးကို နိုင်ငံခြားသားတစ်ဦးဦး သို့မဟုတ် နိုင်ငံသားတစ်ဦးဦးသို့ အပြီး အပိုင် လွှဲပြောင်းရောင်းချလိုပါက **လွှဲပြောင်းရောင်းချခြင်းပုံစံ(၆)**ပါအတိုင်း ဖြည့်စွက်၍ ကော်မရှင်ရုံးသို့ လျှောက်ထား ရမည်။ ဤသို့ လျှောက်ထားရာတွင် အစုရှယ်ယာ လွှဲပြောင်းရောင်းချသူသည် အစုရှယ်ယာ ရောင်းချခြင်း အတွက် အခွန်ဆိုင်ရာ စိစစ်ဆောင်ရွက်မှု ခံယူပြီးကြောင်း သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံး၏ ထောက်ခံချက်ကို ပူးတွဲတင်ပြရမည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတွင် ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက် ပူးတွဲတင်ပြရမည်။

၆၆။ နည်းဥပဒေ ၆၅ အရ သတ်မှတ် ပုံစံဖြင့် လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ ကော်မရှင်ရုံးသည် အောက်ပါ အချက်များကို စိစစ်ရမည်-

(က) အစုရှယ်ယာအားလုံးကို လွှဲပြောင်းရောင်းချလိုသည့် အကြောင်းရင်း မှန်ကန်မှု ရှိ မရှိ၊

(ခ) အစုရှယ်ယာအားလုံးကို လွှဲပြောင်းရောင်းချခြင်းကြောင့် နိုင်ငံတော်နှင့် နိုင်ငံသား တို့၏ အကျိုး စီးပွားကို ထိခိုက်နိုင်ခြင်း ရှိ မရှိ၊

(ဂ) အစုရှယ်ယာအားလုံးကို လွှဲပြောင်းရောင်းချခြင်းကို လက်ခံဆောင်ရွက်မည့်သူသည် လုပ်ငန်း အား အောင်မြင်စွာ ဆက်လက် လုပ်ဆောင်သွားနိုင်မည့် အခြေအနေ ရှိ မရှိ။

၆၇။ ကော်မရှင်ရုံးသည် စိစစ်တွေ့ရှိချက်အရ အစုရှယ်ယာအားလုံး လွှဲပြောင်းရောင်းချခြင်းကို ခွင့်ပြုသင့် သည်ဟု ယူဆပါက အနီးကပ်ဆုံး ကျင်းပမည့် ကော်မရှင်အစည်းအဝေးသို့ တင်ပြ၍ ကော်မရှင်၏ ဆုံးဖြတ်ချက်နှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၆၈။ ခွင့်ပြုချက် ရရှိပြီး အစုရှယ်ယာအားလုံး လွှဲပြောင်း ရောင်းချသူသည် မိမိ လက်ဝယ်ရှိ ကော်မရှင်၏ ခွင့်ပြုမိန့်ကို ကော်မရှင်ရုံးသို့ ပြန်လည်အပ်နှံရမည်။

၆၉။ အစုရှယ်ယာအားလုံးကို လက်ခံဝယ်ယူသူသည် နိုင်ငံခြားသားဖြစ်ပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ များညွှန်ကြားမှုဦးစီးဌာနတွင် တည်ဆဲကုမ္ပဏီဥပဒေနှင့်အညီ နိုင်ငံခြားကုမ္ပဏီအဖြစ် ဖွဲ့စည်း တည်ထောင်ခွင့် သို့မဟုတ် မှတ်ပုံတင်ခွင့် လျှောက်ထားနိုင်သည် သို့မဟုတ် အစုရှယ်ယာ ရောင်းချသူက သဘောတူညီလျှင် လက်ရှိကုမ္ပဏီ၏ အမည်ကို ဆက်လက်အသုံးပြုနိုင်သည်။

၇၀။ အစုရှယ်ယာအားလုံးကို လက်ခံဝယ်ယူသူသည် နိုင်ငံသားဖြစ်ပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ကော်မရှင်သို့ ခွင့်ပြုမိန့် လျှောက်ထားရမည်။ ကော်မရှင်၏ ခွင့်ပြုမိန့် ရရှိသည့်အခါ တည်ဆဲကုမ္ပဏီဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မြန်မာနိုင်ငံသား ကုမ္ပဏီအဖြစ် မှတ်ပုံတင်ရမည်။

၇၁။ ခွင့်ပြုမိန့်အသစ် ထုတ်ပေးရာတွင် မူလရင်းနှီးမြှုပ်နှံသူသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း ၁၂ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ၊ ပုဒ်မ ၂၇ အရ ခွင့်ပြုထားသည့် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ခံစားရန် ကျန်ရှိနေပါက ယင်းကျန်ရှိသည့်ကာလအတွက် ဝယ်ယူသူက ဆက်လက် ခံစားခွင့်ရှိ သည်။ ကင်းလွတ်ခွင့်နှင့် သက်သာခွင့် ခံစားနိုင်သည့် ကာလကျော်လွန်ပြီး ဖြစ်ပါက ခွင့်ပြုမိန့်အသစ် ထုတ်ပေးခြင်း ကြောင့် အဆိုပါ အခွင့်အရေးများအား ထပ်မံခံစားခွင့် မရှိစေရ။

၇၂။ အစုရှယ်ယာအချို့ကို နိုင်ငံခြားသားတစ်ဦးဦး သို့မဟုတ် နိုင်ငံသားတစ်ဦးဦးသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချ လိုပါက **လွှဲပြောင်း ရောင်းချခြင်း ပုံစံ (၇)** ပါအတိုင်း ဖြည့်စွက်၍ ကော်မရှင်သို့ လျှောက်ထားရမည်။

၇၃။ နည်းဥပဒေ ၇၂ အရ သတ်မှတ်ပုံစံဖြင့် လျှောက်ထားချက် လက်ခံရရှိသည့်အခါ ကော်မရှင်ရုံးသည် အောက်ပါ အချက်များကို စိစစ်ရမည်-

(က) အစုရှယ်ယာအချို့ကို လွှဲပြောင်းရောင်းချလိုသည့် အကြောင်းရင်း မှန်ကန်မှုရှိ မရှိ၊

(ခ) အစုရှယ်ယာအချို့ကို လွှဲပြောင်းရောင်းချခြင်းကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထိခိုက်နိုင်ခြင်း ရှိ မရှိ၊

(ဂ) အစုရှယ်ယာအချို့ကို လွှဲပြောင်းရောင်းချခြင်းကို လက်ခံဆောင်ရွက်မည့်သူသည် လုပ်ငန်းအား အောင်မြင်စွာ ဆက်လက်လုပ်ဆောင်သွားနိုင်မည့် အခြေအနေ ရှိ မရှိ။

၇၄။ ကော်မရှင်ရုံးသည် စိစစ်တွေ့ရှိချက်အရ အစုရှယ်ယာအချို့ လွှဲပြောင်းရောင်းချခြင်းကို ခွင့်ပြုသင့် သည်ဟု ယူဆပါက အနီးကပ်ဆုံး ကျင်းပမည့် ကော်မရှင် အစည်းအဝေးသို့ တင်ပြ၍ ကော်မရှင်၏ ဆုံးဖြတ်ချက်နှင့်အညီ ဆက်လက် ဆောင်ရွက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၇၅။ ခွင့်ပြုချက်ရရှိပါက အစုရှယ်ယာလွှဲပြောင်းမှုကို တည်ဆဲ ကုမ္ပဏီဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ ကော်မရှင်၏ ခွင့်ပြုမိန့်နှင့်အတူ ပူးတွဲ လျှောက်ထား မှတ်ပုံတင်ရမည်။

၇၆။ နည်းဥပဒေ ၆၃၊ ၆၆ နှင့် ၇၃ ပါ စိစစ်ချက်များကို ဆောင်ရွက်ရာတွင် ကော်မရှင်ရုံးသည် ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ကျွမ်းကျင်သူများ ပါဝင်သည့် စိစစ်ရေးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းခွင့်ရှိသည်။

## အခန်း (၁၂)
## အာမခံထားရှိခြင်း

၇၇။ ခွင့်ပြုမိန့် ရရှိထားသည့် စီးပွားရေးလုပ်ငန်းသည် အောက်ပါအာမခံ အမျိုးအစားများကို နိုင်ငံတော် အတွင်း အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည့် အာမခံလုပ်ငန်း တစ်ခုခုတွင် အာမခံ ထားရှိရမည် -

(က) စက်ပစ္စည်းအာမခံ၊

(ခ) မီးအာမခံ၊

(ဂ) ရေကြောင်းအာမခံ၊

(ဃ) ကိုယ်အင်္ဂါထိခိုက်မှုအာမခံ၊

(င) သဘာဝဘေးအန္တရာယ်အာမခံ၊

(စ) အသက်အာမခံ။

၇၈။ နည်းဥပဒေ ၇၇ ပါ အာမခံ အမျိုးအစားများ အပါအဝင် လုပ်ငန်းအမျိုးအစားအလိုက် တည်ဆဲ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်အရ သတ်မှတ်ထားသည့် အခြား အာမခံများကို လည်း အာမခံထားရှိရမည်။

## အခန်း (၁၃)
## အမှုထမ်းများနှင့် အလုပ်သမားများ ခန့်ထားခြင်း

၇၉။ ရင်းနှီးမြှုပ်နှံသူသည် အဆိုပြုချက် တင်သွင်းသည့်အခါ ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းများ အတွက် ခန့်ထားမည့် ကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများ အရေအတွက်ကို လည်းကောင်း၊ ကျွမ်းကျင်မှု မလိုသည့် လုပ်သားအရေအတွက်ကိုလည်းကောင်း ထည့်သွင်းဖော်ပြရမည်။

၈၀။ လုပ်ငန်းကို စီးပွားဖြစ် စတင်လည်ပတ် ဆောင်ရွက်ချိန်တွင် ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းများ အတွက် နိုင်ငံသားကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများကို နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း ၁၁ ပုဒ်မ ၂၄ နှင့်အညီ ခန့်ထားရမည်။ ယင်းသို့ ခန့်ထားရာတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ အမိန့် ကြော်ငြာစာနှင့် ညွှန်ကြားချက် ထုတ်ပြန် သတ်မှတ်သည့် အနိမ့်ဆုံး လုပ်ခနှုန်းထားအောက် လျော့နည်းခြင်း မရှိစေရ။

၈၁။ ရင်းနှီးမြှုပ်နှံသူသည် အမှုထမ်းများ၊ အလုပ်သမားများ ခန့်ထားရာတွင် တည်ဆဲအလုပ်သမားရေးရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၈၂။ ရင်းနှီးမြှုပ်နှံသူသည် မြန်မာနိုင်ငံသား အမှုထမ်းများ၊ အလုပ်သမားများအား ဖြစ်စေ၊ နိုင်ငံခြားသား အမှုထမ်းများ၊ အလုပ်သမားများအားဖြစ်စေ အလုပ်ခန့်အပ်ပါက ယင်းသို့ ခန့်အပ် သည့် နေ့ရက်မှရက်ပေါင်း ၃၀ အတွင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ချုပ်ဆိုရမည်။

၈၃။ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံသား ဝန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်မှု တိုးတက်လာ စေရေးအတွက် လေ့ကျင့်ပေးခြင်း၊ သင်တန်းပေးခြင်းတို့နှင့် စပ်လျဉ်း၍ နှစ်အလိုက် ဆောင်ရွက်မည့် အစီ အစဉ်များကို နှစ်စဉ် ဇန်နဝါရီလ ၃၁ ရက်မတိုင်မီ ကော်မရှင်ရုံးသို့ ပေးပို့တင်ပြရမည်။

၈၄။ ရင်းနှီးမြှုပ်နှံသူသည် ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွင် အလုပ်လုပ်ကိုင်သည့် နိုင်ငံခြားသား အမှုထမ်းများ၊ အလုပ်သမားများအတွက် အလုပ်လုပ်ခွင့် လက်မှတ်ကို ကော်မရှင်၏ ထောက်ခံချက်အရ နိုင်ငံခြားသား အလုပ်သမားဆိုင်ရာ ဥပဒေနှင့်အညီ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသို့ **အလုပ်လုပ်ကိုင်ခွင့်ပုံစံ(၈)**ဖြင့် လျှောက်ထားရမည်။ ပြည်တွင်း နေထိုင်ခွင့် လက်မှတ်ကို **ပြည်တွင်းနေထိုင်ခွင့်ပုံစံ(၉)** ဖြင့် ကော်မရှင်ရုံးသို့ လျှောက်ထားရမည်။

၈၅။ ကော်မရှင်ရုံးသည် နည်းဥပဒေ ၈၄ အရ လျှောက်ထားချက်ကို ရရှိသည့်အခါ ကော်မရှင်ရုံး တွင် ပူးတွဲဖွဲ့စည်းထားသည့် ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့တွင် ပါရှိသည့် သက်ဆိုင်ရာဌာန ကိုယ်စားလှယ် အား စိစစ်စေ၍ ခွင့်ပြုချက်ကို ထုတ်ပေးရမည်။

၈၆။ ရင်းနှီးမြှုပ်နှံသူသည် လူမှုဖူလုံရေးဥပဒေနှင့် သက်ဆိုင်သော လုပ်ငန်းဌာနများနှင့် ဆက်စပ် လုပ်ငန်း ဌာနများတွင် မြန်မာကျပ်ငွေရယူ၍ဖြစ်စေ၊ နိုင်ငံခြားငွေရယူ၍ဖြစ်စေ အလုပ်လုပ်ကိုင်သူ အားလုံးကို လူမှုဖူလုံရေးဥပဒေပါ ခံစားခွင့်များရရှိစေရေးအတွက် လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံတင် ထားရှိရမည်။

၈၇။ ရင်းနှီးမြှုပ်နှံသူသည် လုပ်ငန်းစတင်လုပ်ကိုင်ပြီး ၁၅ ရက်အတွင်း သက်ဆိုင်ရာ လူမှုဖူလုံရေး အဖွဲ့တွင် မှတ်ပုံတင်ထားရှိရန်နှင့် ယင်းသို့ အကျုံးဝင်မှတ်တမ်းထားရှိပြီးကြောင်း လူမှုဖူလုံရေးအဖွဲ့မှ ထုတ်ပေးသည့် အလုပ်ဌာနမှတ်ပုံတင်ကတ်ပြား မိတ္တူပူးတွဲလျက် ကော်မရှင်ရုံးသို့ တင်ပြရမည်။

၈၈။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်လုပ်ကိုင်နိုင်ရန် လူမှုဖူလုံရေး အဖွဲ့တွင် ထည့်ဝင်ကြေး ကြွေးကျန်မရှိကြောင်း သက်ဆိုင်ရာ လူမှုဖူလုံရေးရုံး၏ထောက်ခံချက်အားခြောက်လ တစ်ကြိမ် ကော်မရှင် ရုံးသို့ တင်ပြရမည်။

၈၉။ ရင်းနှီးမြှုပ်နှံသူသည် စာချုပ်သက်တမ်းကုန်ဆုံး၍ ရပိုင်ခွင့်များ ပြန်လည်မထုတ်ပေးမီ လူမှုဖူလုံရေး အဖွဲ့တွင် ကြွေးကျန်များအားလုံး ကင်းရှင်းကြောင်း သက်ဆိုင်ရာ လူမှုဖူလုံရေး အဖွဲ့၏ ထောက်ခံချက် ပူးတွဲ တင်ပြရမည်။

၉၀။ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင် အဖွဲ့အစည်းများနှင့်အလုပ်သမား သို့မဟုတ် အလုပ်သမား အဖွဲ့အစည်းများအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုအား အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်း ရေးဥပဒေအရ ဖြေရှင်းရမည်။

၉၁။ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းနှင့် သက်ဆိုင်သည့် နိုင်ငံခြားသားများ ဝင်ရောက်နေထိုင်ခွင့်နှင့် စပ်လျဉ်း၍ တည်ဆဲ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားစာ၊ စည်းမျဉ်း စည်းကမ်းများနှင့် အညီ လိုက်နာ ဆောင်ရွက်ရမည်။

## အခန်း (၁၄)
## ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ

၉၂။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း ၁၂၊ ပုဒ်မ ၂၇ (ခ) မှ (ဋ) ပါ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ခံစားခွင့်ရရှိရေးအတွက် မိမိခံစားလို သည့် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ၊ အားလုံး ကိုဖြစ်စေ ခံစားခွင့်ပြုရန် ကော်မရှင်သို့ **အခွန်အကောက်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်ပုံစံ (၁၀)** ဖြင့် တင်ပြလျှောက်ထားခွင့်ရှိသည်။

၉၃။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူက နည်းဥပဒေ ၉၂ အရ ကင်းလွတ်ခွင့်နှင့် သက်သာခွင့် များ လျှောက်ထားလာလျှင် ကော်မရှင်သည် လိုအပ်သလို စိစစ်ခွင့်ပြုနိုင်သည်။ ယင်းသို့ စိစစ်ရာတွင် လိုအပ်သည့် အထောက်အထား၊ စာရွက်စာတမ်းများကို ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြု သူထံမှဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှဖြစ်စေ၊ အခြား သက်ဆိုင်သည့် လုပ်ငန်းအဖွဲ့ အစည်း ထံမှဖြစ်စေ တောင်းယူစိစစ်နိုင်သည်။

၉၄။ ကုန်ထုတ်လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း တစ်ခုခု စီးပွားဖြစ် စတင်လုပ်ကိုင်သော နေ့ရက် ကို အောက်ပါအတိုင်း သတ်မှတ်သည် -

(က) ပြည်ပသို့ တင်ပို့သည့် ကုန်ထုတ်လုပ်ငန်းအတွက် သင်္ဘောတင် စာရွက်စာတမ်း သို့မဟုတ် လေကြောင်း ကုန်ပို့လွှာနှင့် အလားတူ နိုင်ငံတကာ ကုန်သွယ်မှုတွင် ကျင့်သုံးသည့် အထောက် အထား စာရွက်စာတမ်းများတွင် ဖော်ပြသည့် နေ့ရက်၊ ယင်းရက်သည် တည်ဆောက်မှုကာလ ကုန်ဆုံးသည့် နေ့ရက်မှ ရက်ပေါင်း ၁၈၀ ထက် မကျော်လွန်စေရ။

( ခ ) ပြည်တွင်းရောင်းချသည့် ကုန်ထုတ်လုပ်ငန်းအတွက် ပထမဆုံး ဝင်ငွေစတင် ရရှိသည့် နေ့ရက်၊ ယင်းရက်သည် တည်ဆောက်မှုကာလ ကုန်ဆုံးသည့် နေ့ရက်မှ ရက်ပေါင်း ၉၀ ထက် မကျော်လွန်စေရ။

( ဂ ) ဝန်ဆောင်မှု လုပ်ငန်းများအတွက် လုပ်ငန်းစတင်ဖွင့်လှစ်သည့် နေ့ရက်၊ ယင်းရက်သည် တည်ဆောက်မှုကာလကုန်ဆုံးသည့် နေ့ရက်မှရက်ပေါင်း ၉၀ ထက် မကျော်လွန်စေရ။

၉၅။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူသည် နည်းဥပဒေ ၉၄ နှင့်အညီ မိမိ၏ ကုန်ထုတ် လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှု လုပ်ငန်း စီးပွားဖြစ် စတင်လုပ်ကိုင်သောနေ့ကို ကော်မရှင်သို့ စီးပွားဖြစ် စတင်လုပ်ကိုင်သော **အစီရင်ခံခြင်းပုံစံ (၁၁)** ဖြင့် တင်ပြလျှောက်ထားရမည်။

၉၆။ ကော်မရှင်သည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များကို ခံစားခွင့်ပြုရာတွင် ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ၏ တင်ပြ လျှောက်ထား ချက်အပေါ် အခြေခံ၍ စိစစ်ပြီး စီးပွားဖြစ် စတင်လုပ်ကိုင်သော နေ့ရက်ကို သတ်မှတ် ခွင့်ပြုနိုင်သည်။ ထိုသို့ ခံစားခွင့်ပြုသည့်အခါ အခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အမျိုးအစားနှင့် ခံစားခွင့်ကာလကို သတ်မှတ် ဖော်ပြရမည်။ ထိုသို့ ခွင့်ပြုခြင်းကို ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူနှင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ အကြောင်းကြားရမည်။

## အခန်း (၁၅)
## မြေအသုံးပြုခွင့်

၉၇။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူအား ကော်မရှင်က ခွင့်ပြုသော စီးပွားရေး လုပ်ငန်း တစ်ရပ်ရပ်ကို ဆောင်ရွက်ရန်အလို့ငှာ မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူထံမှ အောက်ပါမြေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်သဘောတူညီချက်ဖြင့် ငှားရမ်းရန် ခွင့်ပြု နိုင်သည် -

(က) အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေ၊

( ခ ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင်မြေ၊

( ဂ ) နိုင်ငံသားပိုင် ပုဂ္ဂလိကမြေ။

၉၈။ မြေလွတ်မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍ စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများနှင့် ယင်းနှင့်ဆက်နွှယ်လျက်ရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လိုသည့် ရင်းနှီးမြှုပ်နှံသူသည် မိမိငှားရမ်းလိုသည့်မြေကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေနှင့်အညီ ငှားရမ်းဆောင်ရွက်နိုင်သည်။

၉၉။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူအား အမှန်လိုအပ်သည့် မြေငှားရမ်းခွင့်ကာလ သို့မဟုတ် မြေအသုံးပြုခွင့် ကာလကို စီးပွားရေးလုပ်ငန်း အမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏအပေါ် မူတည်၍ မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူထံမှ ကနဦး နှစ် ၅၀ အထိ ငှားရမ်း ခွင့်ပြုနိုင်သည်။

၁၀၀။ ကော်မရှင်သည် နည်းဥပဒေ ၉၉ အရ ရင်းနှီးမြှုပ်နှံသူအား မြေငှားရမ်း ခွင့်ပြုထားသော သက်တမ်း ကုန်ဆုံးပြီးနောက် ရင်းနှီးမြှုပ်နှံသူက ဆက်လက် လုပ်ကိုင်လိုသည့်အခါ မြေငှားရမ်းခွင့် ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူမှ သဘောတူညီချက်ရရှိလျှင် ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် လုပ်ငန်း အမျိုးအစားအပေါ် မူတည်၍ သက်တမ်းတိုးခွင့်ကို ၁၀ နှစ်အထိ တစ်ဆက်တည်း နှစ်ကြိမ် တိုးမြှင့်ရန် ခွင့်ပြုနိုင်သည်။

၁၀၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့်ဆက်နွှယ် လျက်ရှိသော စီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရာတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီသို့ လျှောက်ထားရမည်။ ဤသို့ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံသူအား မြေလွတ်၊ မြေလပ် နှင့်မြေရိုင်းများ ငှားရမ်းခွင့်ကာလ သို့မဟုတ် အသုံးပြုခွင့်ကာလကို အဆိုပါ ဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေး လုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံမှုပမာဏအပေါ် မူတည်၍ ကနဦး နှစ် ၃၀ အထိ ခွင့်ပြုနိုင်သည်။ ခွင့်ပြုထားသော သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက် ဆောင်ရွက်လိုသောလုပ်ငန်းအတွက် လုပ်ငန်းအမျိုးအစားနှင့်

ရင်းနှီးမြှုပ်နှံမှု ပမာဏအပေါ် မူတည်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီ ထပ်မံခွင့်ပြုနိုင်သည်။

၁၀၂။ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံသားများ လုပ်ကိုင်ခွင့်ရရှိထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများကို နည်းပညာနှင့် အရင်းအနှီး သင့်လျော်ရာ အချိုးဖြင့် နိုင်ငံသားနှင့် ဖက်စပ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၁၀၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့် ရရှိသူသည် ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့် ရရှိထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအတွက် အာမခံ ကြေးငွေကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် နည်းဥပဒေများပါအတိုင်း ပေးသွင်းရမည်။

၁၀၄။ မြေငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသူသည် ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့် ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက် ခွင့်ရှိသည်။

၁၀၅။ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံသားများ လုပ်ကိုင်ခွင့်ရရှိထားသည့် လယ်ယာမြေများတွင် လယ်ယာသီးနှံ စိုက်ပျိုးထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် သီးနှံရာသီအလိုက် အကျိုးတူပူးပေါင်း ဆောင်ရွက်သည့် ကန်ထရိုက်လယ်ယာစနစ်ကို နိုင်ငံသားရင်းနှီးမြှုပ်နှံသူနှင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ရှိသည်။

၁၀၆။ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံသားများ လုပ်ကိုင်ခွင့် ရရှိထားသော မြေယာများတွင် စိုက်ပျိုးရေး လုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများကို နည်းပညာနှင့် အရင်းအနှီး သင့်လျော်ရာ အချိုးဖြင့် နိုင်ငံသားနှင့် ဖက်စပ်စနစ် ဆောင်ရွက်ခွင့်ရှိသည်။

၁၀၇။ ကော်မရှင်သည် နိုင်ငံတော်တစ်ဝန်းလုံးတွင် ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ ပြည်ထောင်စု အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် စီးပွားရေးဖွံ့ဖြိုးမှု နည်းပါးပြီး ဆက်သွယ်သွားလာရေး ခက်ခဲသော ဒေသများတွင် ရင်းနှီးမြှုပ်နှံသူများ အတွက် နည်းဥပဒေ ၉၉ နှင့် ၁၀၀ တို့ပါ မြေငှားရမ်းခွင့် ကာလ သို့မဟုတ် မြေအသုံးပြုခွင့်ကာလထက် အများဆုံး ၁၀ နှစ်ထိ ပိုမို၍ ခံစားခွင့် ရရှိစေရန် ခွင့်ပြုနိုင်သည်။

၁၀၈။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ကမကထပြုသူသည် စီးပွားရေးလုပ်ငန်းတစ်ခုခု ဆောင်ရွက်ရန် အလို့ငှာ အသုံးပြုလိုသည့် မြေနှင့်စပ်လျဉ်း၍ မြေငှားရမ်းခွင့် ရရှိရေးအတွက် **မြေငှားရမ်း ပုံစံ(၁၂)** တွင် ဖြည့်သွင်းကာ ယင်းမြေကို မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူထံမှ ငှားရမ်းရန် သဘောတူကြောင်း အထောက်အထားများကို ပူးတွဲလျက် ကော်မရှင်သို့ လျှောက်ထားရမည်။

၁၀၉။ နည်းဥပဒေ ၁၀၈ အရ လျှောက်ထားလာပါက ကော်မရှင်သည် လျှောက်ထားသူ အသုံးပြု လိုသည့် မြေနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မည့် ဒေသအပေါ်မူတည်ကာ နေပြည်တော် ကောင်စီ သို့မဟုတ် တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံမှ သဘောတူ ခွင့်ပြုနိုင် ခြင်း ရှိ မရှိ သဘောထား ရယူရမည်။

၁၁၀။ အသုံးပြုလိုသည့် မြေသည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ပိုင်ဆိုင်သော သို့မဟုတ် စီမံခန့်ခွဲသော မြေဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ငှားရမ်းရန် သဘော တူညီကြောင်း ကော်မရှင်သို့ လိပ်မူပေးပို့သည့်စာ တစ်ပါတည်း ပါရှိရမည်။

၁၁၁။ ကော်မရှင်၏ ခွင့်ပြုချက် ရရှိပြီးနောက် မြေငှားရမ်းခြင်းကိစ္စများ ဆောင်ရွက်ရာတွင် မြေငှားရမ်း ခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူနှင့် ရင်းနှီးမြှုပ်နှံသူတို့သည် မြေငှားစာချုပ် ချုပ်ဆိုကာ ယင်းစာချုပ်ကို ကော်မရှင်သို့ ပေးပို့ရမည်။

၁၁၂။ ကော်မရှင်သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင် မြေငှားရမ်းခနှုန်းထားများနှင့်စပ်လျဉ်း ၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက အတည်ပြုထားသည့် မြေငှားရမ်းခအတိုင်း ခွင့်ပြုနိုင်ပြီး လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်နိုင်သည်။

၁၁၃။ မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူ နိုင်ငံသားထံမှ ရင်းနှီးမြှုပ်နှံသူက ငှားရမ်းသည့် မြေငှားရမ်းခနှုန်းထားနှင့် ငှားရမ်းကာလအလိုက် ကာလပေါက်ဈေးနှင့်အညီ နှစ်အလိုက် စာချုပ်ချုပ် ဆိုခြင်းများကို နှစ်ဦးနှစ်ဖက် ညှိနှိုင်းသတ်မှတ်ရန်ဖြစ်ပြီး သဘောတူညီသည့် မြေငှားရမ်းခနှုန်းထားကို ကော်မရှင်သို့ တင်ပြရမည်။

၁၁၄။ မြေငှားရမ်းခ နှုန်းထားသတ်မှတ်ရာတွင် ငှားရမ်းမည့် ကာလအတွက် စတင်ငှားရမ်းမည့် နေ့ရက်မှ စ၍ ၃၆၅ ရက်အတွက် တစ်ကြိမ်ပေးချေရမည့်နှုန်းထားကို အခြေခံတွက်ချက် ငှားရမ်းရမည်။

၁၁၅။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင် မြေများကို ငှားရမ်းရာတွင် မြေအသုံးပြုမှု ပရီမီယံကြေးကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ရင်းနှီးမြှုပ်နှံသူထံမှ တောင်းခံနိုင်သည်။

၁၁၆။ ကော်မရှင်သည် မြေငှားရမ်းမှုနှင့် စပ်လျဉ်း၍ အောက်ပါ အခြေအနေ တစ်ရပ်ရပ် ပေါ်ပေါက်သည့် အခါ မြေငှားရမ်းမှုနှင့် ခွင့်ပြုသည့် လုပ်ငန်းကို ရပ်ဆိုင်းနိုင်သည်-

(က) ရင်းနှီးမြှုပ်နှံသူက မြေငှားရမ်းခများကို စာချုပ်ပါ ကတိကဝတ်အတိုင်း ပေးချေရန် ပျက်ကွက် ကြောင်းကိုဖြစ်စေ၊ စာချုပ်ပါ အခြား ကတိကဝတ်များ လိုက်နာရန် ပျက်ကွက်ကြောင်း ကိုဖြစ်စေ မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူက ကော်မရှင်သို့ တင်ပြခြင်း အပေါ် လိုအပ်သည့် စုံစမ်း စစ်ဆေးမှုပြု၍ တင်ပြချက် မှန်ကန်ကြောင်း တွေ့ရှိခြင်း၊

(ခ) ငှားရမ်းထားသည့် မြေပေါ်တွင် တည်ဆဲဥပဒေ တစ်ရပ်ရပ်ကို ရင်းနှီးမြှုပ်နှံသူက ချိုးဖောက် ကြောင်း ကော်မရှင်သို့ တိုင်ကြားခြင်းအပေါ် လိုအပ်သည့် စုံစမ်းစစ်ဆေးမှုပြု၍ တိုင်ကြားချက် မှန်ကန်ကြောင်း တွေ့ရှိခြင်း၊

(ဂ) ရင်းနှီးမြှုပ်နှံသူအား အမည်ပျက်စာရင်း ကြေညာခြင်း သို့မဟုတ် တည်ဆဲဥပဒေ တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်းကြောင့် ဥပဒေနှင့်အညီ တရားစီရင်ခြင်း ခံရပြီး ၎င်း ရင်းနှီးမြှုပ်နှံ ဆောင်ရွက် လျက်ရှိသည့် စီးပွားရေးလုပ်ငန်းကို ပိတ်သိမ်းရန် တရားရုံး သို့မဟုတ် အာဏာပိုင် အဖွဲ့အစည်း တစ်ရပ်ရပ်က ဆုံးဖြတ်ခြင်း။

၁၁၇။ ရင်းနှီးမြှုပ်နှံသူသည်-

(က) တွက်ခြေ မကိုက်၍ ဖြစ်စေ၊ အရှုံးပေါ်၍ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ၊ လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းကို ရပ်ဆိုင်းလိုလျှင် ကော်မရှင်သို့ အနည်းဆုံး ခြောက်လ ကြိုတင် တင်ပြရမည်။

( ခ ) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း သို့မဟုတ် အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများ လုပ်ကိုင်ရန် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် သဘာဝသယံဇာတ တွင်းထွက် ပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းကို

ဖြစ်စေ၊ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံကို ဖြစ်စေ၊ ရတနာသိုက်ကိုဖြစ်စေ တွေ့ရှိပါကယင်းသို့ တွေ့ရှိသည့် အချိန်မှ ၂၄ နာရီ အတွင်း ကော်မရှင်သို့ သတင်း ပေးပို့ တင်ပြရမည်။

(ဂ) မိမိနှင့် မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြု ခွင့်ရသူတို့ ချုပ်ဆိုထားသည့် စာချုပ်ပါ ကတိကဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်၍ငှားရမ်းမှုပြီးဆုံးသည့်အခါငှားရမ်းထားသည့် မြေအား မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရ သူထံသို့ နှစ်ဦးနှစ်ဖက် စာရင်း ရှင်းလင်းပြီးသည့် နေ့ရက်မှ ခုနစ်ရက်အတွင်းပြန်လည် လွှဲပြောင်းပေးအပ်ရမည်။

(ဃ) နည်းဥပဒေ ၁၁၆ ပါ အကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ၊ အခြားအကြောင်း တစ်ရပ်ရပ် ကြောင့်ဖြစ်စေ ငှားရမ်းစာချုပ် ကာလမပြည့်မီ လုပ်ငန်းရပ်ဆိုင်းရပါက မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူ နစ်နာမှုမရှိစေရေးအတွက် မူလ ငှားရမ်းစာချုပ်ပါ သတ်မှတ် ချက်များအတိုင်း ငှားရမ်းခများကို ပေးချေရမည်။

၁၁၈။ သက်ဆိုင်သည့် မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူသည် မိမိငှားရမ်းထား သည့် မြေပြန်လည်လက်ခံရရှိပြီးကြောင်းကို ယင်းမြေပြန်လည် လက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ကော်မရှင်သို့ အသိပေးတင်ပြရမည်။

၁၁၉။ ရင်းနှီးမြှုပ်နှံသူကငှားရမ်းအသုံးပြုလျက်ရှိသည့်မြေပေါ်တွင် မူလရင်းနှီးမြှုပ်နှံမှု အဆိုပြု ချက်ပါ စီးပွားရေးလုပ်ငန်းနှင့် မသက်ဆိုင်သော လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခွင့် မရှိစေရ။

၁၂၀။ ရင်းနှီးမြှုပ်နှံသူက ငှားရမ်းအသုံးပြုလျက်ရှိသည့် မြေတွင် ကော်မရှင်က ခွင့်ပြုထားသည့် လုပ်ငန်းမှ အပ မြေပေါ်မြေအောက်ရှိ သယံဇာတပစ္စည်းများ ထုတ်ယူခြင်း မပြုရ။

၁၂၁။ ရင်းနှီးမြှုပ်နှံသူကငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသော မြေ၏မြေပေါ်မြေအောက်၌ ခွင့်ပြု သည့် လုပ်ငန်းနှင့်မသက်ဆိုင်ဘဲ မူလစာချုပ်တွင် မပါဝင်သော သဘာဝသယံဇာတ တွင်းထွက် ပစ္စည်းကို ဖြစ်စေ၊ရှေးဟောင်းဝတ္ထုပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံကို ဖြစ်စေ၊ ရတနာသိုက် ကိုဖြစ်စေ တွေ့ရှိလျှင် ယင်းသို့ တွေ့ရှိသည့် အချိန်မှ ၂၄ နာရီအတွင်း ကော်မရှင်သို့ ချက်ချင်းအကြောင်းကြား ရမည်။ ကော်မရှင်သည် အကြောင်းကြားချက်ရရှိလျှင် ပြည်ထောင်စုဝန်ကြီးဌာန၊ လုပ်ငန်းဆောင်ရွက်မည့် ဒေသအပေါ် မူတည်ကာ နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့နှင့် ညှိနှိုင်းရမည်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၏ သဘောတူညီချက်အရ ကော်မရှင်က ခွင့်ပြုလျှင် ယင်းမြေပေါ်၌ ဆက်လက်လုပ်ကိုင်နိုင်သည်။ ခွင့်ပြုခြင်းမရှိလျှင် အစားထိုး စီစဉ်ပေးသည့် နေရာသို့ ပြောင်းရွှေ့ဆောင်ရွက်ရမည်။

၁၂၂။ ရင်းနှီးမြှုပ်နှံသူက ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့် ရရှိသော မြေ၏ သဘာဝ မြေမျက်နှာသွင်ပြင် သို့မဟုတ် မြေအနိမ့်အမြင့် အနေအထားကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူ၏ သဘောတူညီချက်ဖြင့်သာ ပြုပြင်ပြောင်းလဲ ပြင်ဆင်အသုံးပြုခွင့်ရှိသည်။

၁၂၃။ ရင်းနှီးမြှုပ်နှံသူက ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရသော မြေနေရာတွင် မူလ အဆိုပြု ချက်နှင့် မကိုက်ညီဘဲ ပတ်ဝန်းကျင် ထိခိုက်စေမည့် လုပ်ငန်းဆောင်ရွက်ကြောင်း သို့မဟုတ် ပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံး ဖြစ်စေရန် ဆောင်ရွက်ထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိလျှင်ဖြစ်စေ၊ ဆောင်ရွက်သည့် စီးပွားရေး လုပ်ငန်းသည် အသံဆူညံမှုကြောင့်သော်လည်းကောင်း၊ ယဉ်ကျေးမှု အရသော်လည်းကောင်း ယင်းနေရာ တစ်ဝိုက်တွင် နေထိုင်သူများအား အနှောင့်အယှက် ဖြစ်ပေါ်စေလျှင် ဖြစ်စေ၊ စစ်ဆေးတွေ့ရှိသူ သို့မဟုတ် ယင်းနေရာတစ်ဝိုက်တွင် နေထိုင်သူများက တရားဝင် ကန့်ကွက်လာလျှင်ဖြစ်စေ ကော်မရှင်သည် လိုအပ်သည့်

စုံစမ်းစစ်ဆေးမှု ဆောင်ရွက်၍ စုံစမ်းစစ်ဆေး တွေ့ရှိချက်အရ ဆက်လက် ခွင့်ပြုရန် မသင့်ပါက ငှားရမ်းခြင်း သို့မဟုတ် အသုံးပြုခွင့် ပေးခြင်းကို ရပ်ဆိုင်းနိုင်သည်။

၁၂၄။ ရင်းနှီးမြှုပ်နှံသူသည် သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့်အညီ နိုင်ငံသားက လုပ်ကိုင်ခွင့် ရရှိထားသည့် လယ်ယာမြေများကို ငှားရမ်းဆောင်ရွက်ရာတွင် လယ်ယာသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ဆက်စပ်လျက်ရှိသည့် လုပ်ငန်းများမှအပ အခြားမည်သည့် လုပ်ငန်းကိုမျှ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်မရရှိဘဲ လုပ်ကိုင် ဆောင်ရွက်ခွင့်မရှိ။

၁၂၅။ အောက်ပါမြေများအား ရင်းနှီးမြှုပ်နှံသူက စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ် လုပ်ကိုင်ရန် ငှားရမ်းဆောင်ရွက်ခွင့်မရှိ -

(က) သာသနာ့မြေများ၊
(ခ) သက်ဆိုင်ရာ ဝန်ကြီးဌာနများက သတ်မှတ်ထားသော ယဉ်ကျေးမှုအမွေအနှစ် ဒေသများ၊ သဘာဝအမွေအနှစ်ဒေသများ၊
(ဂ) နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ကန့်သတ်ထားသည့် မြေများ၊
(ဃ) အမှုအခင်း ဖြစ်ပွားလျက်ရှိသည့် မြေများ၊
(င) နိုင်ငံတော်က အခါအားလျော်စွာ ကန့်သတ်တားမြစ်သည့် မြေများ၊
(စ) ရင်းနှီးမြှုပ်နှံသူ၏ စီးပွားရေးလုပ်ငန်းကြောင့် မြို့ပြလူနေထိုင်ရာ ရပ်ဝန်းအတွင်း အများပြည်သူ၏ ပတ်ဝန်းကျင်ကို ထိခိုက်စေခြင်း၊ အသံဆူညံမှု ဖြစ်စေခြင်း၊ ယဉ်ကျေးမှုထိခိုက်စေခြင်းစသည့် အခြေအနေဖြစ်ပေါ်နိုင်သည့်အရပ်ဒေသ သို့မဟုတ် အဆောက်အအုံတည်ရှိသည့် မြေများ။

၁၂၆။ ရင်းနှီးမြှုပ်နှံသူသည် မြေငှားရမ်း၍ ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်သည့်မြေပေါ်တွင်လူနေအိမ်ခြေများ၊ အဆောက်အအုံများ၊ လယ်ယာဥယျာဉ်ခြံမြေများ၊ သီးပင်စားပင်များ စသည်တို့ကို ပြောင်းရွှေ့ ရှင်းလင်းရန် လိုအပ်ပါက ပြောင်းရွှေ့ နေရာချထားပေးခြင်း၊ မိမိ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် အလုပ်အကိုင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည့်အပြင် ဒေသန္တရ ကာလပေါက်ဈေးဖြင့် ပေးချေခြင်းနှင့် လျော်ကြေးပေးခြင်းတို့ကို သက်ဆိုင်ရာ ပိုင်ဆိုင်သူ၏ သဘောတူကျေနပ်ကြောင်း ဖော်ပြချက်နှင့်အတူ လုပ်ငန်းဆောင်ရွက်မည့် ဒေသအပေါ်မူတည်ကာ နေပြည်တော်ကောင်စီ ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ အစိုးရဌာနတို့၏ ခွင့်ပြုချက် ရယူညှိနှိုင်း ဆောင်ရွက်ရမည်။ အများပြည်သူက ရွှေ့ပြောင်းဖယ်ရှားပေးလိုခြင်း မရှိသည့် နေရာများတွင် မြေငှားရမ်း၍ ရင်းနှီးမြှုပ်နှံခွင့်မရှိစေရ။

၁၂၇။ ရင်းနှီးမြှုပ်နှံသူသည် မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့် ရရှိသောမြေကို ကော်မရှင်က သတ်မှတ်ထားသော စည်းကမ်းချက်များ၊ စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အသုံးပြုရမည်။

၁၂၈။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိထားသော မြေကို သတ်မှတ်ထားသည့် သက်တမ်းကာလအတွင်း အခြားပုဂ္ဂိုလ်တစ်ဦးဦးအား တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်း၊ လုပ်ငန်းလွှဲပြောင်းခြင်းကိစ္စ တစ်ရပ်ရပ်ကို ဆောင်ရွက်လိုပါက ကော်မရှင်၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်။

၁၂၉။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် မြို့ပြတည်ဆောက်ခြင်း၊ ဟိုတယ်၊ စာသင်ကျောင်း၊ ဆေးရုံ၊ လူနေထိုင်ရန် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ စက်ရုံအလုပ်ရုံ တည်ဆောက်ခြင်း၊ လမ်း၊ တံတား၊ ဆက်သွယ်ပို့ဆောင်ရေး အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းတို့ ပါဝင်ပါ က လုပ်ငန်းဆောင်ရွက်မည့် ဒေသအပေါ်မူတည်ပြီး နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊

သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ရေးဆွဲထားသည့် မြို့ပြဖွံ့ဖြိုးရေးအစီအမံများနှင့် ကိုက်ညီပြီး ယင်းတို့က ခွင့်ပြုမှသာလျှင် ကော်မရှင်သို့ တင်ပြဆောင်ရွက်ရမည်။

၁၃၀။ ရင်းနှီးမြှုပ်နှံသူသည် မိမိငှားရမ်းထားသည့် မြေပေါ်တွင် မူလအဆိုပြုထားသည့် စီးပွားရေးလုပ်ငန်းကို ရပ်ဆိုင်း၍ အခြားစီးပွားရေးလုပ်ငန်း ပြောင်းလဲလုပ်ကိုင်ခြင်း၊ မူလအဆိုပြု ထားသည့် စီးပွားရေးလုပ်ငန်းအပြင် အခြားစီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်ခြင်းတို့ ပြုလုပ်လိုပါက ကော်မရှင်၏ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။

၁၃၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုကော်မတီသည် အောက်ပါ အခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်ပါက ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအနက်မှ လိုအပ်မည့် အနည်းဆုံးမြေဧရိယာကို ပြန်လည် ရယူပိုင်ခွင့်ရှိသည်-

(က) ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ တွေ့ရှိခြင်း၊

(ခ) နိုင်ငံတော်အကျိုးငှာ အခြေခံအဆောက်အအုံ စီမံကိန်းလုပ်ငန်း သို့မဟုတ် အထူး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်ခြင်း၊

(ဂ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများတွင် ခွင့်ပြုထားသော ဓာတ်သတ္တု အမျိုးအစားမှတစ်ပါး အခြားသယံဇာတပစ္စည်းတွေ့ရှိခြင်း။

၁၃၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသည် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နည်းဥပဒေအရ ပြန်လည် ရယူခြင်းအတွက် ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသူက အမှန်တကယ် ရင်းနှီးမြှုပ်နှံထားသည့် ကုန်ကျစရိတ်များကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကာလတန်ဖိုးတွက်ချက်၍ သင့်လျော်သည့် သတ်မှတ်ကာလအတွင်း လျော်ကြေး ရရှိစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးရမည်။

## အခန်း (၁၆)
## နိုင်ငံခြားမတည်ငွေရင်း

၁၃၃။ ရင်းနှီးမြှုပ်နှံသူသည် စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ်အတွက် ကော်မရှင်၏ ခွင့်ပြုမိန့်နှင့် အညီ နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားငွေဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်ရှိသည့် ဘဏ်တစ်ခုခုတွင် အဆိုပြုချက်ပါ နိုင်ငံခြားငွေကို ငွေစာရင်းဖွင့်လှစ် ၍ အပ်နှံထားရှိရမည်။

၁၃၄။ ရင်းနှီးမြှုပ်နှံရန် အဆိုပြုရာတွင် နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှုဥပဒေ ပုဒ်မ ၂ ၊ ပုဒ်မခွဲ (ဈ)၊ (၂) အရ နိုင်ငံအတွင်းသို့ တင်သွင်းလာမည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပစ္စည်းများကို အဆိုပြုထားသည့် ကိစ္စနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၂ ၊ ပုဒ်မခွဲ(ဈ) (၃) နှင့် (၄) တို့ပါ ကိစ္စရပ်များအတွက် လျာထားငွေမှတစ်ပါး ပြည်တွင်းတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန် အဆိုပြု တင်ပြထားသည့် နိုင်ငံခြားငွေ အပြည့်အဝကိုဖြစ်စေ၊ နှစ်ကာလအပိုင်းအလိုက် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခြင်း ဖြစ်ပါက ယင်းသို့ အဆင့်အလိုက် ရင်းနှီး သုံးစွဲရမည့်ပမာဏကိုဖြစ်စေ နည်းဥပဒေ ၁၃၃ ပါအတိုင်း ဘဏ်တွင် ငွေစာရင်း ဖွင့်လှစ် အပ်နှံရမည်။

၁၃၅။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမည့် စီးပွားရေးလုပ်ငန်းအတွက် နိုင်ငံတော်အတွင်းသို့ ယူဆောင်လာမည့် နိုင်ငံခြားငွေ ပမာဏ တစ်ရပ်လုံးအတွက် နှစ်အလိုက် ပမာဏလျာထားချက်ကို ကော်မရှင်သို့ ကြိုတင်ပေးပို့ တင်ပြရမည်။

၁၃၆။ ရင်းနှီးမြှုပ်နှံသူသည် ဘဏ်စာရင်း ဖွင့်လှစ်ပြီးသည့်အခါ ဖွင့်လှစ်သည့်ဘဏ် လိပ်စာ၊ ငွေစာရင်း အမှတ်နှင့် ငွေထုတ်ယူခွင့်ရှိသူ အမည်တို့ ပါရှိသော တင်ပြချက်ကို ဘဏ်ငွေစာရင်း ဖော်ပြချက် မိတ္တူ ပူးတွဲပြီး ဘဏ်စာရင်း ဖွင့်လှစ်သည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ကော်မရှင်သို့ ပေးပို့တင်ပြရမည်။

၁၃၇။ ရင်းနှီးမြှုပ်နှံသူသည် မိမိဘဏ်ငွေစာရင်းရှိ နိုင်ငံခြားငွေကို အောက်ပါ ကိစ္စများအတွက် စာရင်း လွှဲပြောင်းခွင့်ရှိသည် -

(က) ပြည်တွင်းတွင် နိုင်ငံခြားငွေဖြင့်ပေးချေရမည့် ကိစ္စ၊

( ခ ) မိမိရင်းနှီးမြှုပ်နှံထားသည့် စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ အတွက် ပြည်တွင်းရှိ မိတ်ဖက်ကုမ္ပဏီ စီးပွားရေးလုပ်ငန်းကိုဖြစ်စေ၊ နိုင်ငံသားကို ဖြစ်စေ၊ နိုင်ငံသားပိုင် ကုမ္ပဏီ စီးပွားရေးလုပ်ငန်းကို ဖြစ်စေ ဘဏ်ငွေစာရင်း လွှဲပြောင်းရန် ကိစ္စ။

၁၃၈။ ရင်းနှီးမြှုပ်နှံသူသည် မိမိဘဏ်စာရင်းရှိ နိုင်ငံခြားငွေကို မိမိရင်းနှီးမြှုပ်နှံထားသည့် စီးပွားရေး လုပ်ငန်း နှင့် မသက်ဆိုင်သည့် အခြား ကိစ္စရပ်များအတွက် ထုတ်ယူသုံးစွဲခြင်း၊ ဘဏ်ငွေစာရင်း လွှဲပြောင်းခြင်း မပြုရ။

၁၃၉။ ရင်းနှီးမြှုပ်နှံသူသည် နည်းဥပဒေ ၁၃၅ အရ ကော်မရှင်သို့ ကြိုတင်ပေးပို့ထားသည့် လျာထားချက် အရ မိမိဘဏ်စာရင်းသို့ ဖြည့်တင်းရမည့် နိုင်ငံခြားငွေကို သတ်မှတ် ကာလအတွင်း တစ်လုံးတစ်ခဲတည်း ဖြစ်စေ၊ အကြိမ်ကြိမ်ခွဲ၍ဖြစ်စေ ဖြည့်တင်းရမည်။

၁၄၀။ နည်းဥပဒေ ၁၃၉ အရ နိုင်ငံခြားငွေ ဖြည့်တင်းရာတွင် နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံသားတစ်ဦးဦး သို့မဟုတ် ၎င်းတို့က စီးပွားရေးလုပ်ငန်းတစ်ခုခု လုပ်ကိုင် ဆောင်ရွက်ရန် ပြည်တွင်းရှိ ဘဏ်တစ်ခုခုတွင် စာရင်းဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေ စာရင်းမှ ဘဏ်ငွေစာရင်း လွှဲပြောင်းရယူ ဖြည့်တင်းခြင်း မပြုရ။

၁၄၁။ ရင်းနှီးမြှုပ်နှံသူသည် မိမိ၏ ဘဏ်ငွေစာရင်းသို့ ပြည်ပမှ ယူဆောင်လာသည့် နိုင်ငံခြားငွေ ထပ်မံ ဖြည့်တင်းလျှင် ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေ စာရင်းဝင်ရောက်လာသည့် နေ့ရက်မှ ခုနစ်ရက်အတွင်း ဘဏ်ငွေစာရင်းရှင်းတမ်းနှင့်အတူ ကော်မရှင်သို့ အသိပေးတင်ပြ ရမည်။

၁၄၂။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၏ ခွင့်ပြုချက်နှင့်အညီ ရင်းနှီးမြှုပ်နှံမှုပမာဏကို တိုးချဲ့ လုပ်ကိုင်ခြင်းနှင့် လုပ်ငန်းတိုးချဲ့ လုပ်ကိုင်ခြင်းများအတွက် နိုင်ငံတော်အတွင်းသို့ ထပ်မံ ဖြည့်သွင်း ယူဆောင်လာမည့် နိုင်ငံခြားငွေနှင့် စပ်လျဉ်း၍ ဖြည့်တင်းမည့် လျာထားချက်ကို ကော်မရှင်သို့ ကြိုတင်ပေးပို့ တင်ပြရမည်။

၁၄၃။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၏ ခွင့်ပြုချက်အရ မိမိ၏ ရင်းနှီးမြှုပ်နှံမှုပမာဏ လျှော့ချ ခြင်း၊ လုပ်ငန်းလျှော့ချခြင်းတို့နှင့် စပ်လျဉ်း၍ ကော်မရှင်သို့ မူလပေးပို့ထားသည့် နိုင်ငံခြားငွေ ဖြည့်တင်းမည့် လျာထားချက်ကို လိုအပ်သလို ပြင်ဆင်ရေးဆွဲကာ ကော်မရှင်သို့ ပြန်လည် ပေးပို့ တင်ပြရမည်။

၁၄၄။ ရင်းနှီးမြှုပ်နှံသူသည် မိမိရင်းနှီးမြှုပ်နှံထားသည့် စီးပွားရေးလုပ်ငန်း တစ်ခုချင်းအတွက် ၃၆၅ ရက် လျှင်တစ်ကြိမ် နိုင်ငံတော်အတွင်း မှတ်ပုံတင်ကာ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော် အသိအမှတ်ပြုသော စာရင်းစစ်လုပ်ငန်းတစ်ခုခုသို့ လုပ်ငန်းအပ်နှံ၍ ပုံမှန်စာရင်း စစ်ဆေးမှု ခံယူရမည်။ စာရင်းစစ်ဆေးမှု ခံယူရာတွင် အထောက်အထားအဖြစ် တင်ပြသည့် စာရွက် စာတမ်းများ၊ စာရင်းများအား မြန်မာဘာသာဖြင့် ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေ တင်ပြရမည်။ အခြားဘာသာဖြင့် ဆောင်ရွက်ထားပါက နိုတြီက အသိအမှတ်ပြုထားသော အင်္ဂလိပ်ဘာသာ ပြန်ဆို ချက် ပူးတွဲတင်ပြရမည်။

၁၄၅။ ရင်းနှီးမြှုပ်နှံသူသည် နည်းဥပဒေ ၁၄၄ ပါအတိုင်း စာရင်းစစ်ဆေးမှု ခံယူပြီးသည့်အခါ စာရင်းစစ် အစီရင်ခံစာကို လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်းကော်မရှင်သို့ ပေးပို့ တင်ပြရမည်။

**အခန်း (၁၇)**

**နိုင်ငံခြားငွေလွှဲပြောင်းနိုင်ခွင့်**

၁၄၆။ ရင်းနှီးမြှုပ်နှံသူသည် အောက်ပါငွေများကို ကော်မရှင်က သတ်မှတ်သော ဘဏ်မှတစ်ဆင့် နိုင်ငံခြားသို့ သက်ဆိုင်ရာ နိုင်ငံခြားငွေဖြင့် လွှဲပြောင်းနိုင်သည် -

(က) နိုင်ငံခြားမတည်ငွေရင်း ယူဆောင်လာသူ ရသင့်သည့် အောက်ပါ နိုင်ငံခြားငွေများ-
   (၁) နိုင်ငံခြား မတည်ငွေရင်း ယူဆောင်လာသူအားပြန်လည် ထုတ်ယူရန် ကော်မရှင် က ခွင့်ပြုသော နိုင်ငံခြားငွေ၊
   (၂) ရင်းနှီးမြှုပ်နှံသူကသက်ဆိုင်ရာတည်ဆဲဥပဒေနှင့်အညီ ရရှိသည့်လျော်ကြေးငွေ။

( ခ ) ကော်မရှင်က နိုင်ငံခြား မတည်ငွေရင်း ယူဆောင်လာသူအား ပြန်လည်ထုတ်ယူရန် ခွင့်ပြုသော အောက်ပါ နိုင်ငံခြားငွေများ-
   (၁) နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူက သက်ဆိုင်ရာတည်ဆဲ ဥပဒေနှင့်အညီ ရှယ်ယာ လွှဲပြောင်း ပြီးနောက် ရသင့်သည့် ရှယ်ယာငွေ၊
   (၂) လုပ်ငန်းကို စာရင်းရှင်းလင်း ဖျက်သိမ်းပြီးနောက် ရသင့်သည့်ခွဲဝေရရှိငွေ၊
   (၃) ကော်မရှင်၏ ခွင့်ပြုမိန့် သက်တမ်းကုန်၍ ခွင့်ပြုမိန့် ပြန်လည် အပ်နှံပြီးနောက် ရသင့်သည့် နိုင်ငံခြားငွေ၊
   (၄) ရင်းနှီးမြှုပ်နှံမှု လျှော့ချပြောင်းလဲခြင်းကြောင့် လျှော့ချသည့် ပမာဏနှင့် ညီမျှသည့် နိုင်ငံခြားငွေ။

( ဂ ) နိုင်ငံခြားမတည်ငွေရင်း ယူဆောင်လာသူရရှိသည့် နှစ်စဉ်အမြတ်ငွေမှ အခွန် အရပ်ရပ် နှင့်သက်ဆိုင်သည့် ရန်ပုံငွေများနုတ်ယူပြီးနောက် ကျန်ရှိသောအသားတင် အမြတ်ငွေ၊

(ဃ) နိုင်ငံခြားသား အမှုထမ်းများ နိုင်ငံတော်တွင် လုပ်ကိုင်ဆောင်ရွက်၍ ရရှိသော လစာငွေနှင့် လုပ်ငန်းမှတရားဝင်ရရှိငွေတို့မှ ပေးဆောင်ရန်ရှိသော အခွန်အကောက် များကို ပေးဆောင်စေပြီး ၎င်းနှင့်၎င်း၏မိသားစု နေထိုင်စားသောက်မှု ကုန်ကျ စရိတ် တို့ကို သတ်မှတ်သည့် နည်းလမ်းအတိုင်း နုတ်ပယ်၍ တရားဝင် ကျန်ရှိငွေ။

၁၄၇။ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော် ပြင်ပသို့ သာမန်စာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းမှုများ မဟုတ်သော နိုင်ငံခြားငွေ လွှဲပြောင်းလိုပါက ရင်းနှီးမြှုပ်နှံသူမှ နိုင်ငံခြားသို့ နိုင်ငံခြားငွေ **လွှဲပြောင်းခွင့် ပုံစံ (၁၃)** ဖြင့် အောက်ပါစာရွက် စာတမ်း အထောက်အထားများ ပူးတွဲ၍ ကော်မရှင် သို့ လိပ်မူလျှောက်ထားရမည် -

( က ) သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနှင့်ပတ်သက်သည့် စာရင်းစစ် အစီရင်ခံစာ၊

( ခ ) ဘဏ်စာရင်းရှင်းတမ်း။

၁၄၈။ ကော်မရှင်သည် နိုင်ငံတော်ပြင်ပသို့ နိုင်ငံခြားငွေ လွှဲပြောင်းရန် ရင်းနှီးမြှုပ်နှံသူက နည်း ဥပဒေ ၁၄၇ ပါ အတိုင်း လျှောက်ထားလာခြင်းကို စိစစ်ကာ လျှောက်ထားသည့် ပမာဏ အတိုင်း ဖြစ်စေ၊ စိစစ်ချက်များအရ ယင်းအောက်လျော့သော ပမာဏကိုဖြစ်စေ လွှဲပြောင်း ခွင့်ပြုနိုင်သည်။

၁၄၉။ ရင်းနှီးမြှုပ်နှံသူသည် မိမိရင်းနှီးမြှုပ်နှံထားသည့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာမှ ရရှိ သည့် ပြည်တွင်းသုံးကျပ်ငွေများကို ခိုင်လုံသည့် အထောက်အထားများတင်ပြ၍ နိုင်ငံသား သို့မဟုတ် နိုင်ငံသားပိုင်

စီးပွားရေးလုပ်ငန်း၏ ကျပ်ငွေစာရင်းသို့ လွှဲပြောင်းပေးကာ ၎င်းငွေနှင့် ညီမျှသည့် နိုင်ငံခြားငွေကို နိုင်ငံတော်အတွင်းရှိ နိုင်ငံသား သို့မဟုတ် နိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်း၏ ဘဏ်တွင် ဖွင့်လှစ်ထားသော နိုင်ငံခြား ငွေစာရင်းအတွင်းရှိ နိုင်ငံခြားငွေဖြင့် ပြန်လည် ငွေစာရင်း လွှဲပြောင်းရယူခွင့် ရှိသည်။

၁၅၀။ ရင်းနှီးမြှုပ်နှံသူသည် မိမိရင်းနှီးမြှုပ်နှံထားသည့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာမှ ရရှိသော အမြတ်ငွေများကို နိုင်ငံတော်ပြင်ပသို့ လွှဲပြောင်းပေးပို့ခြင်းမပြုဘဲ လုပ်ငန်းတိုးချဲ့ ရင်းနှီး မြှုပ်နှံလိုလျှင် ကော်မရှင်သို့ တင်ပြ၍ ခွင့်ပြုချက်ရယူ ဆောင်ရွက်ရမည်။

၁၅၁။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံထားသည့် အခြေပစ္စည်း တစ်ခုခုကို ရောင်းချ၍ရရှိသော ကျပ်ငွေအား ကော်မရှင်၏ ခွင့်ပြုချက်မရဘဲ နိုင်ငံခြားငွေအဖြစ် စာရင်းပြောင်းလဲ၍ မိမိဘဏ်ငွေစာရင်းတွင် ထည့်သွင်းခြင်း မပြုရ။

၁၅၂။ ရင်းနှီးမြှုပ်နှံသူသည် မိမိ၏ အဆိုပြုချက်တွင် ပြည်ပမှ တင်သွင်းရန် ဖော်ပြထားသည့် နိုင်ငံခြား မတည်ငွေရင်း တစ်ခုခုကို ကော်မရှင်၏ ခွင့်ပြုချက်မရရှိဘဲ ပြည်တွင်းတွင် ကျပ်ငွေဖြင့် ဝယ်ယူအသုံးပြုခြင်း မပြုရ။

၁၅၃။ ရင်းနှီးမြှုပ်နှံသူသည် မိမိရင်းနှီးမြှုပ်နှံသည့် စီးပွားရေးလုပ်ငန်းအတွက် အဆိုပြုချက်ပါ အတိုင်း ပြည်ပမှ တင်သွင်းလာသော အခြေပစ္စည်းတစ်ခုခုကို ပြည်တွင်း၌ ရောင်းချ၍ ရရှိသည့် ကျပ်ငွေဖြင့် ပြည်တွင်း တွင် သုံးစွဲရန်ရှိသည့် အသုံးစရိတ်များကို ပေးချေခြင်းမပြုရ။

၁၅၄။ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအား စီးပွားဖြစ် စတင်လုပ်ကိုင်သော နေ့ရက်မတိုင်မီ မတည် ငွေရင်းများကို နိုင်ငံခြားသို့ လွှဲပြောင်းခွင့် မပြုရ။

## အခန်း (၁၈)
## နိုင်ငံခြားငွေရေးကြေးရေးကိစ္စ

၁၅၅။ ရင်းနှီးမြှုပ်နှံသူသည် -

(က) သက်ဆိုင်ရာ နိုင်ငံခြားငွေဖြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က သတ်မှတ်သည့် ငွေလဲလှယ်နှုန်း အတိုင်း နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့် ရှိသော ဘဏ်တစ်ခုခုမှ တစ်ဆင့် နိုင်ငံခြားသို့ ငွေလွှဲပြောင်းနိုင်ခွင့်ရှိသည်။

(ခ) နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသော ဘဏ်က လက်ခံ ဆောင်ရွက် လျက်ရှိသော နိုင်ငံခြားငွေ အမျိုးအစားဖြင့် နိုင်ငံခြားငွေစာရင်းကို လည်းကောင်း၊ ကျပ်ငွေ စာရင်းကိုလည်းကောင်း ဖွင့်လှစ်၍ လုပ်ငန်းနှင့် သက်ဆိုင် သော ငွေရေးကြေးရေးကိစ္စများကို ဆောင်ရွက်ရမည်။

(ဂ) မိမိတရားဝင် ရရှိထားသော ကျပ်ငွေဖြင့် နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသော ဘဏ်ကလက်ခံ ဆောင်ရွက်လျက်ရှိသော နိုင်ငံခြားငွေ အမျိုး အစား တစ်ခုခုကို လဲလှယ်ခွင့်ရှိသည်။

၁၅၆။ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွင် အမှုထမ်းသော နိုင်ငံခြားသားများသည် နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ် လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသော ဘဏ်တစ်ခုခုတွင် ယင်းဘဏ်က လက်ခံဆောင်ရွက် လျက်ရှိသော နိုင်ငံခြားငွေ အမျိုးအစားဖြင့် နိုင်ငံခြားငွေစာရင်းကိုလည်းကောင်း၊ ကျပ်ငွေ စာရင်းကိုလည်းကောင်း ဖွင့်လှစ် ဆောင်ရွက်ရမည်။

## အခန်း (၁၉)
## ဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

၁၅၇။ ကော်မရှင်သည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၄ နှင့်အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ မြင့်တင်ဆောင်ရွက်ရေး အတွက်လည်းကောင်း၊ လွယ်ကူ ချောမွေ့စေရေးအတွက် လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်မှုများကို ကွင်းဆင်း စစ်ဆေးကြပ်မတ်နိုင်ရေးအတွက် လည်းကောင်း တစ်နေရာတည်းတွင် လုပ်ငန်းပြီးစီးစေရန် ဆောင်ရွက်နိုင်မည့် ဌာနဆိုင်ရာပူးပေါင်း လုပ်ငန်းအဖွဲ့ကို အောက်ပါဌာနများမှ အရာထမ်း များ ပါဝင်စေလျက် ဖွဲ့စည်းရမည် -

(က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊
(ခ) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သက်ဆိုင်ရာဌာန၊
(ဂ) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊
(ဃ) အကောက်ခွန်ဦးစီးဌာန၊
(င) ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊
(စ) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊
(ဆ) လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊
(ဇ) စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊
(ဈ) ပြည်တွင်းအခွန်များဦးစီးဌာန။

၁၅၈။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့၏ အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူရမည်။

၁၅၉။ ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့၏ ရုံးကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနတွင် ပူးတွဲဖွင့်လှစ်ရမည်။ လိုအပ်ပါက ရုံးခွဲများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

၁၆၀။ သက်ဆိုင်ရာဌာနများသည် ဌာနဆိုင်ရာ ပူးပေါင်း လုပ်ငန်းအဖွဲ့ရှိ အရာထမ်းများအား လက်မှတ်ရေးထိုးခွင့် အပါအဝင် ဆုံးဖြတ်လုပ်ပိုင်ခွင့် အာဏာအပ်နှင်းရမည်။ မူဝါဒနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ ပေါ်ပေါက်လာလျှင် သက်ဆိုင်ရာ အရာထမ်း၏ တင်ပြချက်ကို သက်ဆိုင်ရာ ဌာနက ဆောလျင်စွာ အဆုံးအဖြတ် ပေးရမည်။

၁၆၁။ ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့သည် ခွင့်ပြုမိန့် ထုတ်ပေးထားသည့် လုပ်ငန်းများ တည်ဆောက်မှု ကာလအတွင်း လုပ်ငန်းတိုးတက်မှုကိုဖြစ်စေ၊ စီးပွားဖြစ်စတင် လုပ်ကိုင်သော နေ့ရက် အတည်ပြု သတ်မှတ်နိုင် ရေးအတွက်ဖြစ်စေ၊ လုပ်ငန်းလည်ပတ်ချိန်တွင် အခြေအနေ အရပ်ရပ်ကို ဆန်းစစ်နိုင်ရေးအတွက်ဖြစ်စေ ကွင်းဆင်း ကြည့်ရှု၍ ကော်မရှင်သို့ အစီရင်ခံ တင်ပြရမည်။

၁၆၂။ ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့သည် ညွှန်ကြားရေးမှူးချုပ်၏ ကွပ်ကဲမှုအောက်တွင် တာဝန် ထမ်းဆောင်ရမည်။

## အခန်း (၂၀)
## စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များ

၁၆၃။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်ကိုဖြစ်စေ၊ ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကိုဖြစ်စေ လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်းကို လည်း ကောင်း၊ မရိုးမဖြောင့်သော သဘောဖြင့် အဆိုပြုချက်ပါ အချက်အလက်များကို မမှန်မကန် တင်ပြ၍ ခွင့်ပြုမိန့်ရယူခဲ့ခြင်း

ကိုလည်းကောင်း၊ ကော်မရှင်က ထုတ်ပြန်သည့် စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းကိုလည်းကောင်း စုံစမ်းသိရှိလျှင်ဖြစ်စေ၊ စစ်ဆေး တွေ့ရှိလျှင်ဖြစ်စေ၊ တိုင်ကြားမှု၊ သတင်းပို့မှု တစ်စုံတစ်ရာ ပေါ်ပေါက်လျှင်ဖြစ်စေ စုံစမ်းစစ်ဆေးရေး အဖွဲ့ ဖွဲ့စည်းစစ်ဆေးရမည်။

၁၆၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် ကော်မရှင်အဖွဲ့ဝင် တစ်ဦးဦးက အဖွဲ့ခေါင်းဆောင် အဖြစ် တာဝန်ယူ၍ သက်ဆိုင်ရာအစိုးရဌာနများ၊ အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများမှ ဘာသာရပ် ကျွမ်းကျင်၍ သမာသမတ်ရှိသည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းရာတွင် အဖွဲ့ခေါင်းဆောင် အပါအဝင် အဖွဲ့ဝင် သုံးဦးအောက် မနည်းစေရ။

၁၆၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မိမိစုံစမ်းစစ်ဆေးသည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာနများ၊ အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ အခြားပုဂ္ဂိုလ်များ၊ စာရွက်စာတမ်း အထောက်အထားများကို တောင်းခေါ်စစ်ဆေးပိုင်ခွင့်ရှိသည်။

၁၆၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို ဖွဲ့စည်းမိန့် ထုတ်ပြန်သည့် နေ့မှ ၂၁ ရက်အတွင်း ကော်မရှင်သို့ တင်ပြရမည်။ ယင်းသို့ တင်ပြရာတွင် နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှု ဥပဒေအခန်း(၁၈)၊ ပုဒ်မ ၄၂ ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များအနက် မည်သည့် ပြစ်ဒဏ်ကို ချမှတ်သင့်သည်ကို သုံးသပ်တင်ပြရမည်။

၁၆၇။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ရေးနှင့်ပတ်သက်၍ ကော်မရှင်သည် အစည်းအဝေးတွင် တင်ပြဆွေးနွေးရမည်။ ၎င်းအစည်းအဝေးသို့ စုံစမ်းစစ်ဆေးခံရသည့် ရင်းနှီးမြှုပ်နှံသူကိုပါ ပါဝင် တက်ရောက် တင်ပြခွင့်ပြုရမည်။

၁၆၈။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် စပ်လျဉ်း၍ ကော်မရှင်က ဆုံးဖြတ် အတည်ပြုသည့် နေ့ရက်တွင် ပြစ်ဒဏ်သက်ရောက်မှု စတင်သည်။

## အခန်း (၂၁)
## အငြင်းပွားမှုဖြေရှင်းခြင်း

၁၆၉။ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံသူနှင့် ပုဂ္ဂလိက တစ်ဦးဦး သို့မဟုတ် အစိုးရ၊ အစိုးရဌာန တစ်ရပ်ရပ်အကြား အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်ပါက ပေါ်ပေါက်လာသည့် အငြင်းပွားမှုကို ချစ်ကြည် ရင်းနှီးစွာ ဖြေရှင်းဆောင်ရွက်ရမည်။

၁၇၀။ နည်းဥပဒေ ၁၆၉ အရ ဖြေရှင်း၍ ပြေလည်မှု မရရှိပါက -

(က) သက်ဆိုင်ရာ စာချုပ်တွင် အငြင်းပွားမှု ဖြေရှင်းနည်း သတ်မှတ်ထားခြင်း မရှိလျှင် နိုင်ငံတော်၏ သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာ စာချုပ်တွင် အငြင်းပွားမှု ဖြေရှင်းနည်း သတ်မှတ်ထားခြင်းရှိလျှင် ယင်းသတ်မှတ် ထားသည့် ဖြေရှင်းနည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၇၁။ အငြင်းပွားမှု ပေါ်ပေါက်သည့်အခါ ရင်းနှီးမြှုပ်နှံသူသည် ဖြစ်စဉ် အကြောင်းအရာကို ဖော်ပြလျက် ကော်မရှင်သို့ သတင်းပေးပို့ တင်ပြရမည်။

၁၇၂။ ရင်းနှီးမြှုပ်နှံသူသည် အငြင်းပွားမှု ဖြေရှင်းရာတွင် နည်းဥပဒေ ၁၇၀ ပါ နည်းလမ်းများအနက် မည်သည့်နည်းလမ်းဖြင့် ဆက်လက်ဆောင်ရွက်မည်ကို ကော်မရှင်သို့ သတင်းပေးပို့ တင်ပြရမည်။

၁၇၃။ ရင်းနှီးမြှုပ်နှံသူသည် အငြင်းပွားမှု ဖြေရှင်းရာတွင် လိုအပ်ပါက ကော်မရှင်က ထုတ်ပေး ထားသည့် စာရွက် စာတမ်း အထောက်အထားများကို သက်သေအဖြစ် တင်သွင်းနိုင်သည်။ ကော်မရှင်နှင့် ပတ်သက်သည့် အခြား အထောက်အထားများ လိုအပ်ပါက ကော်မရှင်သို့ တင်ပြ လျှောက်ထားတောင်းခံခွင့်ရှိသည်။

၁၇၄။ ကော်မရှင်ရုံးမှ ဝန်ထမ်းတစ်ဦးဦးအား တရားရုံးတွင် သက်သေအဖြစ် လိုက်ပါ ဆောင်ရွက် ရမည့် အခြေအနေ ပေါ်ပေါက်လာပါက ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်သို့ တင်ပြ ခွင့်ပြုချက် တောင်းခံရမည်။

## အခန်း (၂၂)
## အထွေထွေ

၁၇၅။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေဖြင့် ရုပ်သိမ်းသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များအား ခံစားဆဲဖြစ်သော ရင်းနှီးမြှုပ်နှံသူ သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း ၁၂ ပါ အတိုင်း ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ဆက်လက် ခံစားခွင့်ရှိသည်။

၁၇၆။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုထားသော ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို သတ်မှတ်ကာလအတိုင်း ခံစားပြီးဖြစ်သော ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု ဥပဒေ အခန်း ၁၂ ပါ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ထပ်မံ ခံစားခွင့် မရှိစေရ။

၁၇၇။ ကော်မရှင်က ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းသို့ ပြုစုတင်ပြသော အဆိုပြုချက်နှင့်အတူ ပူးတွဲပါ စာရင်းဇယားများ၊ စာချုပ်စာတမ်း အထောက်အထားများ၊ ငွေရေးကြေးရေး၊ အလုပ်သမားခန့်ထားရေး ဆိုင်ရာ အထောက်အထားများ စသည်တို့ကို တမင်မမှန်မကန် ဖော်ပြကြောင်း သို့မဟုတ် ထိန်ချန်ကြောင်း ခိုင်လုံသော သက်သေခံ အထောက်အထားများ တွေ့ရှိလျှင် ရင်းနှီးမြှုပ်နှံသူသည် ပြစ်မှုကြောင်းအရ အရေးယူခြင်းခံရမည်။

၁၇၈။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဖွဲ့စည်းသော ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်လျက်ရှိသော ရင်းနှီးမြှုပ်နှံသူသည် ယင်းခွင့်ပြုမိန့်ပါ စည်းကမ်းချက်များ၊ သက်ဆိုင်ရာ သဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ ဆက်လက်လုပ်ကိုင် အကျိုးခံစား လျက်ရှိရာတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်လုပ်ကိုင် အကျိုးခံစားလိုပါက ယင်းသို့ ဆက်လက် လုပ်ကိုင် အကျိုးခံစားခွင့် ရရှိရေးအတွက် ကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

၁၇၉။ အကျိုးအမြတ်ရယူခြင်း မပြုသော၊ စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်ခြင်း မဟုတ်သော ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု လုပ်ငန်းများတွင် ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုများသည် ဤ နည်းဥပဒေများ နှင့် အကျုံးဝင် သက်ဆိုင်ခြင်း မရှိစေရ။

၁၈၀။ ကုန်သွယ်မှုသက်သက်သာ ဆောင်ရွက်သည့် လုပ်ငန်းများသည် ဤနည်း ဥပဒေများနှင့် အကျုံးဝင် သက်ဆိုင်ခြင်း မရှိစေရ။

၁၈၁။ ဝန်ကြီးဌာနသည် ကမကထပြုသူ၏ အဆိုပြုလွှာ တင်ပြမှုအပေါ် ခွင့်ပြုမိန့် ထုတ်ပေးနိုင် ရေးအတွက် ကော်မရှင်ရုံးက ဆောင်ရွက်ရသည့် လုပ်ငန်းကိစ္စ အရပ်ရပ်အတွက် ကမကထ ပြုသူထံမှ အခကြေးငွေ ရယူနိုင်ရေး အမိန့် ကြော်ငြာစာ ထုတ်ပြန်၍ ကောက်ခံနိုင်သည်။

ပြည်ထောင်စုဝန်ကြီး
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

## ဇယား (၁)
## နိုင်ငံသားများသာ လုပ်ကိုင်နိုင်သည့် ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ
## (နည်းဥပဒေ ၇ ကို ရည်ညွှန်းသည်)

### ကုန်ထုတ်လုပ်ငန်းများ

၁။ သဘာဝသစ်တောများကို စီမံခန့်ခွဲထိန်းသိမ်းမှုလုပ်ငန်း
၂။ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းများ
၃။ အနက်ပေ ၁၀၀၀ အထိ ပေတိမ် ရေနံ လက်ယက်တွင်း တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်း
၄။ အသေးစားနှင့် အလတ်စား ခါတ်သတ္တု တူးဖော်ရေးလုပ်ငန်းများ
၅။ တိုင်းရင်းဆေးဖက်ဝင်အပင်များ စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်း
၆။ တစ်ပိုင်းတစ်စ ထုတ်လုပ်ထားသည့် ပစ္စည်းများ၊ သံတိုသံစများ လက်ကားရောင်းဝယ်သည့် လုပ်ငန်း
၇။ ရိုးရာအစားအစာ ထုတ်လုပ်သည့် လုပ်ငန်းများ
၈။ ဘာသာရေးဆိုင်ရာ ပစ္စည်းများ၊ အသုံးအဆောင်များ ထုတ်လုပ်သည့်လုပ်ငန်း
၉။ ရိုးရာဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများ၊ အသုံးအဆောင်များ ထုတ်လုပ်သည့် လုပ်ငန်း
၁၀။ လက်မှုပညာကို အခြေခံသည့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ

### ဝန်ဆောင်မှုလုပ်ငန်းများ

၁။ ပုဂ္ဂလိကအထူးကု တိုင်းရင်းဆေးရုံများ
၂။ တိုင်းရင်းဆေးဝါးကုန်ကြမ်း (ပရဆေးပစ္စည်း) ရောင်းဝယ်ရေးလုပ်ငန်း
၃။ တိုင်းရင်းဆေးသုတေသနနှင့် ဓာတ်ခွဲလုပ်ငန်း
၄။ လူနာတင်ယာဉ်များပို့ဆောင်ရေးလုပ်ငန်း
၅။ သက်ကြီးရွယ်အိုများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဌာနများတည်ထောင်ခြင်း လုပ်ငန်းများ
၆။ ရထားပေါ်၌ ပါရှိသော စားသောက်တွဲ ကန်ထရိုက်လုပ်ငန်း၊ ကုန်စည်ပို့ဆောင်ရေး ကန်ထရိုက်လုပ်ငန်း၊ တွဲသန့်ရှင်းရေးလုပ်ငန်း၊ တွဲထိန်းကန်ထရိုက်လုပ်ငန်း
၇။ ကိုယ်စားလှယ်လုပ်ငန်း
၈။ ၁၀ မဂ္ဂါဝပ်အောက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်လုပ်ငန်း
၉။ မြန်မာအပါအဝင် တိုင်းရင်းသားဘာသာဖြင့် ထုတ်ဝေသော အချိန်မှန်ထုတ် စာနယ်ဇင်းများ ပုံနှိပ်ဖြန့်ချိခြင်းလုပ်ငန်း

**ဇယား (၂)**
**နိုင်ငံသားများ လုပ်ကိုင်နိုင်သည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် နှစ်တိုနှစ်ရှည် စိုက်ပျိုးရေး လုပ်ငန်းများ**
**(နည်းဥပဒေ ၈ ကို ရည်ညွှန်းသည်)**

၁။ ရင်းနှီးမြှုပ်နှံမှုပမာဏ အနည်းငယ်ဖြင့်ဆောင်ရွက်သည့်လယ်ယာစိုက်ပျိုးရေးလုပ်ငန်း များ

၂။ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကောက်ပဲသီးနှံ ကြိတ်ခွဲသန့်စင်ခြင်းလုပ်ငန်း တွဲဘက်ဆောင်ရွက်ခြင်းမရှိသော မိရိုးဖလာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ

## ဇယား (၃)
## နိုင်ငံသားများ လုပ်ကိုင်နိုင်သည့် မွေးမြူရေးလုပ်ငန်းများ
## (နည်းဥပဒေ ၉ ကို ရည်ညွှန်းသည်)

၁။ ရင်းနှီးမြှုပ်နှံမှု ပမာဏ အနည်းငယ်ဖြင့် ဆောင်ရွက်သည့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ

၂။ ခေတ်မီနည်းပညာသုံး မဟုတ်ဘဲ မိရိုးဖလာ ဆောင်ရွက်သည့် မွေးမြူရေးလုပ်ငန်းများ

**ဇယား (၄)**
**နိုင်ငံသားများ လုပ်ကိုင်နိုင်သည့် မြန်မာ့ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းများ**
**(နည်းဥပဒေ ၁၈ ကို ရည်ညွှန်းသည်)**

၁။ မြန်မာ့ပင်လယ်ပြင်ရှိ ရေငန် ငါး၊ ပုစွန်နှင့် အခြား ရေသတ္တဝါများ ကမ်းဝေးငါးဖမ်းဆီးခြင်းလုပ်ငန်း

၂။ အင်း/ဘုံ/ကမ်းနီးငါးဖမ်းလုပ်ငန်းများတွင် ငါးဖမ်းခြင်းလုပ်ငန်း